
# မင်းလူ

# အချစ်သည်သက်တော်ရာကျော်ရှည်ပါစေသတည်း



SAMPLE BOOK

mgyoe.com
SAMPLE BOOK

တစ်ကမ္ဘာလုံး
အမှုန်းရောဂါ
ပျောက်ကင်းပါစေ
မေတ္တာဓာတ်များ
ထုတ်လုပ်အားလျှင်
မြင့်မားပါစေ
တောင်းဆုခြွေသည်
ပြည်သူအချစ် ခေါ်စေသော်။

# အချစ်သည် သက်တော်ရာကျော်ရှည်ပါစေသတည်း



K0339

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် ။ ၁၉၈၁ ခုနှစ်။ သူရဲကောင်းလေးယောက်စာအုပ်တိုက်။

ဒုတိယအကြိမ် - ၂၀၀၀ ပြည့်နှစ်။ နတ်သမီးစာအုပ်တိုက်။

တတိယအကြိမ် - ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် နှင့် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)

အတွင်းပုံနှိပ် အမှတ်(၁၄၇)၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပန်းချီ - မြင့်မောင်ကျော်

တန်ဖိုး - ၈၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# အချစ်သည် သက်တော်ရာကျော်ရှည်ပါစေသတည်း

မှင်ဂ။



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ကမ္ဘာလုံး
'အမုန်း'ရောဂါ
ပျောက်ကင်းပါစေ
မေတ္တာစိတ်များ
ထုတ်လုပ်အားလျှင်
မြင့်မားပါစေ
တောင်းဆုခြွေသည်
ပြည်သူ 'အချစ်' ခေါ်စေသောဝ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

--၁--

သူငယ်ချင်းတွေနှင့် စကားပြောနေရာမှ ကျွန်တော်၏ကိုယ်သည် ရုပ်ရှင်ဇာတ်ကားများ၏ ဇာတ်သိမ်းခန်းတွင် ပြလေ့ရှိသော လှုပ်ရှားနေရာမှ ရုပ်သေဓာတ်ပုံအဖြစ် ဖျတ်ခနဲ ရုပ်တန့်သွားသလို မလှုပ်မယှက်ဖြစ်သွားပြီးလျှင် ကျွန်တော်၏စိတ်သည် ဘာမျှမရေးရသေးသော ကျောက်သင်ပုန်းတစ်ချပ်လို ဟာလာဟင်းလင်း ဖြစ်သွားလေသည်။ သူ့ကို ငေးစိုက်၍ ကြည့်နေမိ၏။ လှုပ်ရှားနေသောအရာ ဟူ၍ နှလုံးသား တစ်ခုသာ ရှိတော့သည်။

ရေဒီယိုမှ 'သောတရှင်လိုရာ သီချင်း' နားထောင်နေတုန်း 'မိုးလေဝသ အထူးသတင်း ကြေညာချက်' က ဝင်၍ နှောင့်ယှက်သည့် သဘောမျိုးတော့ မထင်ကြပါနှင့်။ သူငယ်ချင်းတစ်ယောက်ယောက် မင်္ဂလာဆောင်ပြီဆိုလျှင် ကျန်သော သူငယ်ချင်းတွေက စုပေါင်းလက်ဖွဲ့ကြပုံကို အရင်ပြောပြလိုပါသည်။ ကျွန်တော်တို့၏ ထုံးစံမှာ လက်ဖွဲ့ပစ္စည်းကို စီစဉ်ကြရာတွင် အမှန်တကယ် အသုံးဝင်သော ပစ္စည်းတစ်ခုပါဝင်ပြီး ကျန်ပစ္စည်းများမှာ စိတ်ကူးတည့်ရာ ပေါက်ကရပစ္စည်းကလေးများ ဖြစ်ပါသည်။ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူ၍ရပြီး အပြောင်အပြက်သဘော ပါစေရပါမည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယခု ဇော်သိန်းနှင့်နီနီသက်တို့၏ မင်္ဂလာဆောင်တွင် လက်ဖွဲ့ရန် ရွေးချယ်ထားသော ပစ္စည်းများမှာ-

(၁) ဖန်ရေတကောင်းနှင့် ဖန်ခွက်ငါးလုံး

(၂) တူနှင့်သံချောင်း

(၃) ပွဲ့လျက်

(၄) ဂျူဒိုကစားနည်း စာအုပ်တစ်အုပ်

(၅) ပတ်တီးလိပ် တစ်လိပ်

(၆) ဘားပလက်ဆေးပြားတစ်ရာတို့ ဖြစ်သည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ညက မှော်ဆရာအိမ်မှာ တက်၍အိပ်ကြသည်။ လက်ဖွဲ့အတွက် ပြင်ဆင်ကြသည်။ သူတော်စိန်က လက်ဖွဲ့ဘူးကို သူများတွေထက်ကြီးအောင် ပြုလုပ်သင့်သည်ဟု ဆိုသည်။ ဂျူဒိုက သူ့အိမ်မှာ ဆေးထည့်သော ကတ်ထူဘူးကြီးတစ်ခုရှိသည်ဆိုပြီး သွားယူလာသည်။ ဘူးကြီးမှာ ရှည်ရှည်ကြီး ဖြစ်သည်။ ပွင့်ကောင်းက အပြူးပြဲဆုံး၊ အကြောင်ဆုံး အဆင်အသွေးပါသည့် စက္ကူ (ပက်ကင်ပေပါ) ဝယ်ထားသည်။ ဘူးထဲသို့ ပစ္စည်းများကို နေရာတကျ ထည့်ပြီး ပက်ကင်ပေပါဖြင့် ပတ်သည်။ ဘူးပေါ်မှ စက္ကူဖြူတစ်ရွက်ကပ်ပြီး 'ညီလေး မောင်ဇော်သိန်းနှင့် ညီမလေး နီနီသက်တို့အတွက် အစ်ကိုကြီးများ၏ မင်္ဂလာလက်ဆောင်' ဟု ရေးပြီး ကျွန်တော်တို့နာမည် အတိုကောက်တွေ ထည့်သည်။ ဘေးက မျက်မှန်တပ်ထားသော ဖီးကွက်ရုပ်တစ်ရုပ် ရေးထည့်သည်။ (ဇော်သိန်းသည် မျက်မှန်တပ်ရသူဖြစ်ပြီး နီနီသက်၏နာမည်ပြောင်မှာ ဖီးကွက် ဖြစ်၏။)

လက်ဖွဲ့ကိစ္စပြီးသောအခါ အပြင်ထွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ကြသေးသည်။ ညဉ့်နက်မှပင် အိပ်ရ၏။ ကျွန်တော်တို့မှာ မိန်းကလေးဘက်မှ သူငယ်ချင်းများ ဖြစ်ကြသောကြောင့် မင်္ဂလာဆောင်မည့် မဏ္ဍပ်မှာ ညဘက်သွားပြီး ကူညီဖို့ မလိုကြပါ။

မနက်ကျတော့ ခုနစ်နာရီခွဲခါနီးကျမှ နိုးကြသည်။ မင်္ဂလာဆောင်က ကိုးနာရီစမည်။ နည်းနည်းတော့ ကြိုတင်ပြီးရောက်အောင် သွားရမည်။ အစီအစဉ်ကို ဆွဲရသည်။ ကျွန်တော်တို့အိမ်တွေ အားလုံး၏ အလယ်ဗဟိုမှာကျနေသော ပွင့်ကောင်း၏အိမ်သို့ သွားကြမည်။ အဲဒီမှာ လက်ဖွဲ့ဘူးကြီးကို ခဏထားခဲ့ပြီး ကျွန်တော်တို့က အိမ်ပြန် အဝတ်အစား မြန်မြန်လဲမည်။ နောက်

mgyoe.com


ပွင့်ကောင်းအိမ်မှာ ပြန်ဆုံပြီးမှ မင်္ဂလာဆောင်ကို သွားမည်။

"သွားကြစို့ဟေ့"

အမြဲတမ်း လောလော လောလော၊ သုတ်သုတ်ပျာပျာ နေတတ်သော သူတော်စိန်က တပ်လှန့်လိုက်သည်။ အားလုံး ခြံဝအထိ ထွက်လာပြီးမှ လူတစ်ယောက် လိုနေသည်။

"ပွင့်ကောင်းရော... ပွင့်ကောင်း"

"ဟေ့... ပွင့်ကောင်း"

"ပွင့်ကောင်း"

"ခဏလေးကွ၊ အိမ်သာတက်နေလို့"

အိမ်သာထဲမှ ပွင့်ကောင်းအသံ ထွက်လာသည်။ ဂျူဒိုက "ဒီကောင် အဲဒီလိုချည်းပဲ" ဟု ပြောသည်။ သူသည် သူ့လက်ထဲရောက်နေသော လက်ဖွဲ့ဘူးကြီးကို ကြည့်ရင်း ဘာစိတ်ကူးရသည် မသိ။

"ဟေ့... ဒီကနေ ပွင့်ကောင်းတို့အိမ်ကို သွားရင် ဈေးကို ဖြတ်သွားရမှာကွ"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲကွ၊ ဒီလက်ဖွဲ့ဘူးကြီးနဲ့ ဈေးထဲက ဖြတ်သွားရင် လူတွေက ရယ်စရာကြီး"

"အေး... ဟုတ်တယ်"

"အဲဒါ ဘယ်လို လုပ်မလဲ"

"ယူသွားရမှာပဲ၊ ဘယ်တတ်နိုင်မလဲ"

"ဒါဆို မင်း ကိုင်ခဲ့"

ဂျူဒိုက သူတော်စိန်လက်သို့လွှဲရန် ကြိုးစားသည်။ သူတော်စိန်က လက်ကို နောက်ပစ်လိုက်ပြီး-

"ဘယ်ရမလဲ၊ မင်း စကိုင်တာ၊ မင်းပဲ သယ်ခဲ့"

"လူလတ်၊ မင်း သယ်"

ကျွန်တော့်ဘက်သို့ လှည့်လာပြန်သည်။ ကျွန်တော်သည် အကြံတစ်ခုကို ရသဖြင့်-

"ငါပြောမယ်၊ အဲဒါကြီးကို ဟိုကွပ်ပျစ်ပေါ်မှာ ချထားခဲ့၊ နောက်ကျတဲ့ကောင် သယ်ရမယ်ဆိုပြီး ပွင့်ကောင်းကို သယ်ခိုင်းမယ်"

mgyoe.com

mgyoe.com

ပွင့်ကောင်း အိမ်သာထဲက ထွက်လာသောအခါ ဝိုင်းဟောက်လိုက်ကြသည်။

"မင်း အမြဲတမ်း နောက်ကျတာချည်းပဲ"

"ဟာကွာ… ဈေးပါချင်တာတော့ ဘယ်တတ်နိုင်ပါ့မလဲ"

"ဘယ်တော့ဖြစ်ဖြစ် မင်း ဟိုယောင် ဒီယောင်နဲ့ သိပ်နှေးကွေးတာပဲ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ သွားကြရအောင်လေ"

"မင်း နောက်ကျတဲ့အတွက် လက်ဖွဲ့ဘူး သယ်ခဲ့ရမယ်"

ပွင့်ကောင်းသည် 'ဟုတ်ပါပြီ' ဆိုပြီး လက်ဖွဲ့ဘူးကြီးကို ဘုမသိဘမသိ ကိုင်လာခဲ့သည်။ ဈေးထဲမှ ဖြတ်သွားသောအချိန်တွင် ပွင့်ကောင်းအတွက် ပြဿနာတက်လာလေသည်။ ဒီအချိန်မှာ ဈေးအစည်ကားဆုံးအချိန်။ လက်ဖွဲ့ဘူးရှည်ရှည်ကြီးကို ပိုက်လျက် ရှေ့ဆုံးက ချီတက်နေသော ပွင့်ကောင်းကို ဈေးသွား ဈေးလာတို့က ဝိုင်းကြည့်ကြသည်။ ကြည့်ရုံသာဆိုလျှင် ကိစ္စမရှိ။ မိန်းမကြီးတွေက လက်ဖွဲ့ဘူးကြီးကိုကြည့်ပြီး ပြောကြသောစကားများမှာ–

"ကျွတ်… ကျွတ်… သနားပါတယ်နော်"

"ဘယ်သူ့ကလေးပါလိမ့်"

"လသားကလေးလောက်ပဲ ရှိဦးမယ်"

ကျွန်တော်တို့သည် ပွင့်ကောင်းအိမ်သို့ရောက်အောင် သုတ်ခြေတင်ပြေးရလေတော့သည်။ အိမ်ပေါ်သို့ လှမ်းတက်လိုက်သော အချိန်မှာပင် ပွင့်ကောင်း၏အဒေါ်သည် ထိတ်ထိတ်ပျာပျာမျက်နှာဖြင့်–

"ဟဲ့… ဟဲ့… ဘာလုပ်ကြတာတုံး၊ အဲဒါက ဘာကြီးလဲ"

"မင်္ဂလာဆောင်လက်ဖွဲ့မလို့"

"ဘာ… အမယ်လေး၊ ကြည့်လည်း လုပ်ကြပါဦး၊ နင်တို့ဥစ္စာကြီးက ကလေးမသာခေါင်းနဲ့ တူနေပြီ၊ မလုပ်ကောင်းဘူး၊ မလုပ်ကောင်းဘူး"

လက်ဖွဲ့ဘူးကြီးကို သုံးပုံတစ်ပုံလောက် ဖြတ်ပစ်လိုက်ရသည်။ ဘူး၏ထိပ်အပိတ်ကို ပြန်တပ်၊ စက္ကူတွေ ပြန်ကပ်၊ အချိန်တော်တော်ကြာသွားသည်။ ကိုယ့်အိမ်ကိုယ်ပြန်၍ အဝတ်အစား လဲကြရန် အချိန် မရှိတော့။ ဒီအတိုင်းပင် သွားကြရမည်။ ညအိပ်ဝတ်ထားသော အဝတ်အစားများဖြစ်၍ တွန့်ကြေနေကြသည်။ ကျွန်တော့်အကျီမှာ အဖြူဖြစ်သောကြောင့် တွန့်ကြေရုံမျှသာမက ပေကျံ၍နေသည်။ ပွင့်ကောင်းက သူ့ဆီမှာ အပိုရှိနေသော ပင်နီတိုက်ပုံအကျႌကို

mgyoe.com  SAMPLE BOOK 

ပေးသည်။ သူသည် အလေးမသူ ဖြစ်သောကြောင့် သူ့အကျီသည် ကျွန်တော် နှင့် ပွနေသည်။ သို့ရာတွင် မတတ်နိုင်တော့။

ဒီတစ်ခါ လက်ဖွဲ့ဘူးကို သယ်ဖို့ ပြဿနာတက်ပြန်သည်။ ဘယ်သူမှ မသယ်ချင်ကြ။ လူရွေးလို့ ခက်နေတုန်းမှာပင် မုတ်ဆိတ် ရောက်ရှိလာသည်။ သူ့ကို ညက လက်ဖွဲ့ဘူးတပ်ဆင်ရာတွင် လာမကူညီရကောင်းလားဆိုပြီး ဝိုင်းပွက်လိုက်ကြ၏။ သူ့အပြစ်နှင့်သူမို့ ပြန်လည်မချေပနိုင်။ နောက်ဆုံးတွင် လက်ဖွဲ့ဘူးကို သူ့အား အသယ်ခိုင်းလိုက်လေတော့သည်။

မင်္ဂလာဆောင်ရောက်တော့ ဧည့်သည်တွေ တော်တော်ပင် စုံလင်နေပြီ။ လက်ဖွဲ့များ လက်ခံသောနေရာတွင် ကျွန်တော်တို့၏ လက်ဖွဲ့ဘူးကြီးကို တင် လိုက်သည်။ လက်ဖွဲ့ပစ္စည်း လက်ခံသူသည် ကျွန်တော်တို့၏ ဘူးကြီးကို တအံ့ တဩ ကြည့်လိုက်သည်။ ရောက်နှင့်ပြီးသော ဧည့်သည်များကလည်း ပြုံးစိစိ ဝိုင်းကြည့်ကြသည်။ အကြံအစည်အောင်ပြီ။ အားလုံးထဲတွင် ကျွန်တော်တို့ ဘူးကြီးက အကြီးဆုံး။

ကျွန်တော်တို့လည်း ဧည့်ခံမဏ္ဍပ်ထဲသို့ ခံ့ညားစွာ တန်းစီ၍ ဝင် သွားသောအခါ ဧည့်ခံကြိုဆိုရေးတာဝန်ကို ယူထားဟန်တူသော မိစုနှင့်မိအေး တို့က ''နင်တို့ဟာ နင်တို့ ထိုင်ချင်တဲ့နေရာမှာ သွားထိုင်'' ဟု ပဋိသန္ထာရ စကား ဆိုလေ၏။ ကျွန်တော်တို့ကလည်း ''ကျေးဇူးပဲ'' ဟု ပြန်ငေါ့ပြီးလျှင် ထောင့်နားရှိ စားပွဲတစ်လုံးမှာ စု၍ ထိုင်ကြသည်။ ထွန်းဝေနှင့်ကျော်ဝင်းတို့က ရေခဲမုန့်များ လာချပေးသည်။

မိစု၊ မိအေး၊ မိကြည်၊ မဝင်းစွိတို့သည် ကျွန်တော်တို့နှင့် ဆယ်တန်း တုန်းက တစ်တန်းတည်း ဖြစ်သည်။ ခု မင်္ဂလာဆောင်သော နီနီသက်မှာ သူတို့အုပ်စုထဲမှ ပထမဆုံး အိမ်ထောင်ကျသူ ဖြစ်၏။ ကျန်သူတွေကတော့ ဒီတစ်သက် ရကြလိမ့်မည်မထင်။ အလွန် စွာကျယ်၏။ ကျွန်တော်တို့အုပ်စုနှင့် ဆိုလျှင် ငယ်ငယ်ကတည်းက မတည့်ကြ။ ဤသို့ မတည့်ကြခြင်းမှာ ကျွန်တော် တို့ စာတော်သည်ကို သူတို့အုပ်စုက မနာလိုဖြစ်ရာမှ စသည်ဟု မုတ်ဆိတ်က ထင်သည်။ သူတော်စိန်ကမူ ထိုသို့ မထင်။ ကျွန်တော်တို့က သူတို့ကို လုံးဝ အဖက်မလုပ်သောကြောင့် မကျေမနပ်ဖြစ်ရာမှ စတင်၍ မတည့်ကြခြင်း ဖြစ်သည်ဟု ယူဆသည်။

mgyoe.com

mgyee.com SAMPLE BOOK

ဤကဲ့သို့ အခြားအကြောင်းအရာများကို ကြားဖြတ်၍ ရှည်လျားစွာ ပြောနေရခြင်းမှာ အကြောင်းရှိပါသည်။ လူတို့သည် တစ်ခုခုကို မိမိစိတ်ဝင်စားနေကြောင်း မသိစေလိုသောအခါ အခြားမဆိုင်သော အကြောင်းအရာများကို လျှောက်ပြောနေတတ်ကြလေသည်။ ပြီးတော့မှ စကားကြုံသလိုလိုလုပ်၍ မိမိ အလွန်အမင်း စိတ်ဝင်စားနေသော အကြောင်းကို ခုမှ သတိရဟန်ဖြင့် ပြောတတ်ကြသည်။ ယခုလည်း ကျွန်တော် အလွန်ပြောပြချင်သော အကြောင်းကို စကားကြုံသလိုလိုလုပ်၍ ပြောပြပါမည်။

"နင်တို့က စားစရာရှိရင်တော့ တဝတပြဲပဲ၊ ဘာမှတော့ လာပြီးကူမလုပ်ပေးချင်ဘူး"

မဝင်းစွိသည် ထုံးစံအတိုင်း ရန်လာစလေသည်။ ဒီလိုနေရာမျိုးတွင် အသွက်ဆုံးဖြစ်သော သူတော်စိန်က…

"ဟာ… ငါတို့ လာကူဦးမလို့ပဲ၊ ကုလသမဂ္ဂ အထွေထွေညီလာခံ တက်နေရလို့ မအားတာနဲ့"

"ကြီးကျယ်လိုက်တာ"

"ဟုတ်တယ်ဟ၊ ပြီးတော့ လူလတ်ကလည်း ကျွန်းဆွယ်အားကစားပွဲမှာ အလေးမပြိုင်ပွဲဝင်မလို့ လေ့ကျင့်နေလို့"

အားလုံးဝိုင်းရယ်ကြသည်။ ကျွန်တော်တို့အုပ်စုထဲတွင် ကျွန်တော်က အပိန်ဆုံး။ ပွင့်ကောင်းသည် ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်ပြီး သူ၏ 'အေးငယ်' ထိုင်နေသောစားပွဲသို့ သွားထိုင်လိုက်လေသည်။ မဝင်းစွိဘက်ကို စစ်ကူအဖြစ် မိအေးနှင့်မိကြည်တို့ ရောက်ရှိလာသည်။ မော်ဆရာက အရင်ဦးအောင် တွယ်လိုက်သည်။

"နင်တို့ကရော ဘယ်တော့လဲ။ ဟဲ ဟဲ"

မိအေးသည် မျက်နှာကို ရှုံ့မဲ့လိုက်ပြီး–

"နင့်ဟာ နင် အရင်ကြိုးစားပါဦး"

"ဟ… ယောကျ်ားလေးက အရေးမကြီးဘူး၊ လူပျိုကြီး လုပ်နေလို့လည်း ရတယ်၊ နင်တို့ မိန်းကလေးတွေသာ မီးမရှိတဲ့ရထား၊ ပစ္စည်းမရှိတဲ့ ကုန်ပဒေသာဆိုင်လိုပဲ မတင့်တယ်ဘူးတဲ့"

သတို့သားနှင့်သတို့သမီးတို့ လာရောက်နှုတ်ဆက်သည်။ ကျွန်တော်တို့ကို လူကြီးလူကောင်းဧည့်သည်များကဲ့သို့ သဘောထားသောကြောင့်လား၊

mgyee.com

mgyoe.com


သူတို့ကိုယ် သူတို့ လူကြီး လူကောင်းဟု သဘောထားသောကြောင့်လား မသိ။ တည်ငြိမ်ခဲ့ညားစွာ ပြုံးပြလေသည်။ သို့ရာတွင် ကျွန်တော်တို့က သူတို့ကို ဘယ်လိုမှ သဘောမထားသောကြောင့်–

"ဟဲ… ဟဲ၊ အိုအောင်မင်းအောင် ပေါင်းရပါစေ"

"သားသမီးတွေ အများကြီး မွေးပါစေ"

"ဒီမှာ မောင်ဇော်သိန်းနဲ့ နီနီသက်၊ လောကကြီးမှာ အိမ်ထောင်ပြု တာရယ်၊ ဘုရားတည်တာရယ်၊ ဆေးမင်စုတ်ထိုးတာရယ်၊ ဟီးနိုးဘတ်စ်ကား ရယ်"

"ဘာတွေ လျှောက်ပြောနေတာလဲ"

"ဩော်… ပြင်လို့ မလွယ်တာကို ပြောတာပါ"

ကျွန်တော်တို့ ဝိုင်းနားတွင် ရယ်သံများ၊ စကားအချေအတင် ပြောသံများ ဆူညံနေသည်။ တခြားဝိုင်းက လူများပင် ကျွန်တော်တို့ကို ဝိုင်းကြည့်နေကြရသည်။ ကျွန်တော်တို့မှာ ဒီလိုနေရာမျိုးတွင် ရှက်ရွံ့နေတတ်ကြသူများ မဟုတ်သောကြောင့် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ လောင်မြဲလောင်၍ နေဆဲ။

နီနီသက်သည် ကျွန်တော် ကျောပေးထားသော ဘက်ကို ကြည့်၍ ပြုံးပြလိုက်၏။

"တို့ ပြန်ဦးမယ်"

ကျောဘက်မှ လာသောအသံကြောင့် ကျွန်တော့်ဆံပင်များ ထောင်ထလာသည်ဟု ထင်မိသည်။ ဒီအသံကို ကြားဖူးသည်။ ကျွန်တော်တို့သူငယ်ချင်း မိန်းကလေးတစ်ယောက်ယောက် အသံပဲ။ ဆယ်တန်းတုန်းက အတန်းထဲမှာ 'ရစ်ဂျစ်စတာ' ခေါ်သောအခါ 'ရှိပါတယ်ရှင့်' ဟု ထူးသော အသံများကို ကြားယောင်လာသည်။ ထိုအသံရှင်ကို ကြည့်လို၊ မြင်လိုစိတ်သည် ဖုံးဖိ၍ မရအောင် ဖြစ်လာခြင်းမှာ ထူးဆန်းလှတော့သည်။

နောက်ကို လှည့်၍ မော့ကြည့်၏။

ခေါင်းထဲက မိုက်ခနဲ ဖြစ်သွားသည်။

မျက်လုံးထဲ၌ ဝင်းခနဲ၊ လက်ခနဲ။

လူလော၊ နတ်လော။

အမှန်မှာ ခင်စန်း ဖြစ်လေသည်။

ကျွန်တော် တုန်လှုပ်သွားမိ၏။ အကြောင်းမှာ ကျွန်တော်၏ဦးခေါင်း

mgyoe.com

mgyoe.com SAMPLE EBOOK

သည် သူ့ကို မော့ကြည့်နေရာမှ ရှေ့သို့ ပြန်လှည့်၍ မရတော့သောကြောင့်ပင် ဖြစ်လေသည်။ သူ့ကိုသာ ငေးစိုက်ကြည့်နေမိသည်။

သူသည် ဆယ်တန်းတုန်းကလို ပိန်ပိန်သေးသေးကလေး မဟုတ်တော့ပဲ ပြည့်ဖြိုးလာလေသည်။ သူ လှ၏။ (ဤနေရာတွင် သူ့အလှအပများကို အသေးစိတ်ရေးပြရလျှင် ကျမ်းတစ်စောင်မျှပင် ရှည်လျားသွားနိုင်သောကြောင့် ချန်လှပ်ထားခဲ့ရပေသည်။ နောင် အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။)

ယခုလောလောဆယ်တွင်မူ ဆရာကြီး ရွှေဥဒေါင်း၏လေမျိုးဖြင့် 'အနာရောဂါကင်းစင်သောကြောင့် ဖိတ်ဖိတ်တောက် ကြည်လင်သော အသားအရေတွင် အသားပိုတစ်ကျပ်သားမျှ မရှိအောင် လေ့ကျင့်ထားသောကြောင့် ကျွန်ုပ်၏စိတ်တိုင်းကျ ရှိနေပေတော့သည်' ဟူ၍သာ ပြောလိုပါ၏။

ခင်စန်းသည် 'သွားဦးမယ်' ဆိုပြီး အားလုံးကိုခွဲ၍ နှုတ်ဆက်လိုက်သည်။ ကျွန်တော်သည် ပွင့်ကောင်း၏ ပုံပန်းမကျသော တိုက်ပုံအကျႌကြီးကို ဝတ်လာမိသည့်အတွက် နောင်တရနေဆဲမှာပင် သူသည် ကျွန်တော်တို့ အုပ်စုဘက်သို့ မျက်လုံးကို ဝေ့ကြည့်ရင်း ပြုံးပြသည်။

သူနှင့်ကျွန်တော်သည် မျက်လုံးချင်း ခဏမျှ ဆုံမိသောအချိန်တွင် ကျွန်တော်၏လက်ဝဲဘက် ရင်ခေါင်းအတွင်း၌ လူငယ်ဘင်ခရာတီးဝိုင်းအဖွဲ့ ချီတက်နေသည်ဟု ထင်မိလေသည်။

ကြေးနန်းအမျိုးအစား . . . အမြန်

သို့
ဦးနှောက်၊
'သူ့ကို ချစ်နေပြီ။ ခွင့်ပြုချက်အမြန်ပို့'
မှ
နှလုံးသား။

စာအမှတ် ၁/၇၅/အချစ်။

သို့
နှလုံးသား၊

mgyoe.com

mgyoe.com SAMPLE BOOK

ခွင့်ပြုနိုင်ပါသည်။ လိုအပ်သလို ဆက်လက် ဆောင်ရွက်ပါ’

မှ
ဦးနှောက်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

--၂--

အချစ်သည် ပုရွက်ဆိတ်နှင့် တူ၏။

အကျိုကြားထဲသို့ ဝင်ရောက်နေသော ပုရွက်ဆိတ်တစ်ကောင်သည် ဟိုဟိုဒီဒီ လျှောက်သွားနေပြီးမှ အမှတ်မထင် ဆတ်ခနဲ ကိုက်လိုက်သောအခါ အလွန်အခံရ ခက်လှသည်။ အချစ်ဆိုသော အရာသည်လည်း ယင်းအတိုင်းပင်။ မမျှော်လင့်ဘဲ ဘွားခနဲ ပေါ်လာတတ်သည်။ နှလုံးသားဆီသို့ ရုတ်တရက် ဝင်၍ အကြမ်းဖက် အပိုင်စီးတတ်သည်။

ထပ်ပြီး ရှင်းပြဦးမည်။

ခင်စန်းနှင့် ကျွန်တော်တို့သည် ဆယ်တန်းတုန်းက တစ်တန်းတည်း ဖြစ်သည်။ သို့ရာတွင် ထိုစဉ်က သူ့ကို စိတ်မဝင်စားမိခဲ့။ ငယ်သေးလို့လည်း ဖြစ်ချင် ဖြစ်မည်။ နောက်တစ်ကြောင်းမှာ ခင်စန်းသည် အလွန်အေးသည်။ စကားလည်း နည်းသည်။ တခြားမိန်းကလေးတွေ (ဥပမာ-မိအေးတို့၊ မိကြည်တို့) ကဲ့သို့ စပ်စပ်စုစုလည်း မလုပ်တတ်။ သူ့နေရာမှာ ငြိမ်ငြိမ်ကလေးသာ ထိုင်နေတတ်သည်။ ကျွန်တော်နှင့်ဆိုလျှင် သုံးခါပြည့်အောင်ပင် စကားမပြော ဖူးပါ။ ဤသို့လျှင် သူနှင့် ရင်းရင်းနှီးနှီး မရှိခဲ့။ ပြီးတော့ ကျွန်တော်တို့အုပ်စု ကလည်း တစ်မျိုး။ မိန်းကလေးများနှင့် အရောတဝင် မနေတတ်။ ကျောင်း စာထဲမှာသာ အကြီးအကျယ်စိတ်ဝင်စားနေခဲ့ခြင်းလည်း မဟုတ်။ ဘောလုံး

mgyoe.com

ကန်သည်။ ဝတ္ထုဖတ်သည်။ ကျောင်းက စာပေအဖွဲ့၊ သိပ္ပံပညာအဖွဲ့တို့တွင် ပါဝင်လှုပ်ရှားသည်။

တစ်ခုတော့ဖြင့် ပြောစရာ ရှိပါသည်။ ဆယ်တန်းတုန်းက ကျောင်းသားတစ်ယောက်သည် ခင်စန်း၏ စာအုပ်ကြားတွင် ပို့စကတ်လေး ညှပ်ထည့်ပေးလိုက်ဖူးသည်။ ထိုသတင်းကြားသောအခါ ကျွန်တော့်စိတ်ထဲက မကျေနပ်သလိုလို ဖြစ်ခဲ့ဖူးသည်ဟု ခုမှ ပြန်၍သတိရသည်။ ခင်စန်းက ထိုကျောင်းသားကို ပြန်မကြိုက်ဘူးကို သိရပြန်သောအခါ ဝမ်းသာသလိုလို ဖြစ်ခဲ့သည်ကိုလည်း ပြန်စဉ်းစား၍ ရသည်။ အကျိတ်အခဲအဖြစ် ကြာရှည်စွာတော့ ဖြစ်၍မနေ။ မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့၏။ ထိုစဉ်ကတည်းက ခင်စန်းကို မသိစိတ်ဖြင့် စိတ်ဝင်စားနေမိခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ထင်သည်။ ကိုယ့်ဘာသာကိုယ်မသိဘဲ ရှိခဲ့ခြင်းပင်။

ကျွန်တော်တို့နှစ်ယောက်သည် ဆယ်တန်းကို တစ်နှစ်တည်း အတူတူအောင်ကြသည်။ တက္ကသိုလ် ဆက်တက်ကြသောအခါ သူက ဓာတုဗေဒယူ၍ သိပ္ပံဘက်ရောက်သွားပြီး ကျွန်တော်က ဒဿနိကဗေဒယူ၍ ဝိဇ္ဇာဘက်ရောက်သွားသည်။ တက္ကသိုလ်ရောက်ပြီးနောက် သူနှင့်ကျွန်တော် သိပ်မတွေ့ကြတော့ပါ။ ပထမနှစ်တုန်းက နှစ်ခါလောက် တွေ့ဖူးသည် ထင်သည်။ သေသေချာချာတော့ မမှတ်မိပါ။ ပထမတစ်ခါက အဓိပတိလမ်းပေါ်တွင် သူတို့စီးသော ကျောင်းကြိုကား ဖြတ်သွားစဉ် လှမ်းတွေ့လိုက်ခြင်း ဖြစ်ပါသည်။ ထိုစဉ်က သူက အကျီအညိုရောင်။ ဒုတိယတစ်ခါမှာ ကျွန်တော်က မန္တလေးဆောင်သို့ အဝင်၊ သူက အတန်းပြီး၍ ထွက်အလာ ဆုံမိကြခြင်းဖြစ်သည်။ စကားမပြောဖြစ်ကြဘဲ ပြုံး၍ နှုတ်ဆက်ကြရုံသာ ဖြစ်သည်။ သူ့အကျီပန်းခရမ်း၊ လုံချည်ခရမ်းရောင်။ ထိုစဉ်က ကျွန်တော့်စိတ်ထဲတွင် 'ခင်စန်းက လှသားပဲ' ဟု တွေးမိသည်ကို ယခု ပြောရင်းဆိုရင်း ပြန်၍သတိရပြန်၏။ (သိပ်မမှတ်မိပေလို့ပေါ့ဗျာ။)

ဒုတိယနှစ်နှင့်တတိယနှစ်တို့တွင် သူနှင့် လုံးဝ မတွေ့တော့ချေ။ ကျွန်တော်သည် ကျောင်းဝင်းအနှံ့ လျှောက်သွားနေတတ်သူ ဖြစ်သော်လည်း၊ သူနှင့် ထပ်၍ မတွေ့ကြခြင်းမှာ အံ့ဩစရာကောင်းသည်ဟု ဆိုလျှင် ရနိုင်သည်။ တကယ့်တကယ်တော့ တက္ကသိုလ်တွင် မြန်မာပြည်မြောက်ဖျားမှလူနှင့် တောင်ဖျားမှ လူတို့ ကြုံကြုံဖန်ဖန် ဆုံတွေ့နိုင်သလို တစ်မြို့တည်း၊

mgyoe.com

m g y p e . c o m SAMPLE BOOK


တစ်ကျောင်းတည်း နေခဲ့သူတို့ပင် ဖြစ်သော်လည်း မဆုံစည်းဘဲ ရှိချင်လည်း ရှိတတ်ကြလေသည်။ အထူးအဆန်းတို့ဖြင့် အတိပြီးသော မှော်ရုံတောပင်တည်း။

ဤသို့လျှင် နီးရက်နှင့် ဝေးနေကြသော ခင်စန်းနှင့်ကျွန်တော် မောင်လူလတ်တို့သည် နတ်ဒေဝတာတို့၏ ကူညီဝိုင်း၍ မှိုင်းမှုကြောင့် တစ်ခုသော မင်္ဂလာဆောင်တွင် ပြန်လည် ဆုံတွေ့ခဲ့လေရာ...။

"အဲဒီတော့ မင်း ခင်စန်းကို ချစ်နေပြီ ဆိုပါတော့"

"ဟာ... ဟုတ်ပါတယ်ဆို၊ ဘယ်နှခါ ပြောရမလဲ"

ပွင့်ကောင်းသည် 'ဟုတ်ပါပြီ' ဆိုပြီး ဆေးလိပ်ကို မီးညှိနေ၏။ 'ခင်စန်းကိစ္စ' နှင့် ပတ်သက်၍ စိတ်အချရဆုံး၊ နှုတ်အလုံဆုံးဖြစ်မည်ဟု ယူဆရသော ပွင့်ကောင်းနှင့်မှော်ဆရာတို့ကို တိုင်ပင်ကြည့်သည်။ ကျွန်တော့် ကိစ္စဖြစ်သောကြောင့် ထုံးစံအတိုင်း သူတို့ကို လက်ဖက်ရည် တိုက်ရလေသည်။ သူတို့နှစ်ယောက်တည်းကိုသာ ရွေး၍ တိုင်ပင်ရခြင်းမှာ အကြောင်းရှိပါသည်။ ဒီကိစ္စမှာ လျှို့ဝှက်လုပ်ဆောင်ကြမှ ဖြစ်မည်။ ဘာမှ အကောင်အထည်မပေါ်ခင်က ဟိုးလေးတကျော် ဖြစ်မသွားစေချင်။

ဂျူဒိုသည် အတန်ငယ် နှုတ်လုံသော်လည်း အချစ်နှင့် ပတ်သက်သော အတွေ့အကြုံ မရှိသူ ဖြစ်သောကြောင့် သူ့ထံမှ အကြံဉာဏ်ကောင်းများ ရဖို့ မမြင်။

မုတ်ဆိတ်ကလည်း သူနှင့် ကြိုက်နေသော အစ်မကြီးကို ကပ်ချွဲဖို့ လောက်သာ သိသူ ဖြစ်သောကြောင့် သူ့ကိုလည်း မခေါ်တော့။

သူတော်စိန်ကတော့ ခုလိုကိစ္စမျိုးကို တိုင်ပင်ရန် လုံးဝရှောင်ရှားသင့်သူ ဖြစ်သည်။ မိန်းကလေးများအကြောင်းဆို၍ နကန်းတစ်လုံးမျှ နားမလည်၊ ကတုံးဆံတောက်သာသာ ဖြစ်သော သူ့ဆံပင်ကို ကြည့်လျှင်ပင် အရာမသွင်းသင့်ကြောင်း ထင်ရှားသည်။ ပြီးတော့ ဒီကောင်က 'ရွှေမောင်း'။ သတင်းစာထဲ ကြော်ငြာထည့်ချင်တောင်မှ 'ဦးစားပေးကြော်ငြာ'တွေ ရှိလို့၊ ဘာဖြစ်လို့ဆိုပြီး ကြာချင် ကြာဦးမည်၊ သူသာ သိလိုက်လျှင် ဟုတ်တာရော၊ မဟုတ်တာရော အမြန်ဆုံးသတင်းလွှင့်လိမ့်မည်။ သူသည် မဟုတ်ကဟုတ်က လုပ်ကြံသတင်းများ လွှင့်ရာတွင်လည်း သူမတူအောင် ထူးချွန်သည်။ တော်ကြာ လူလတ်က ခင်စန်းကို စကားလိုက်ပြောတာ ခင်စန်းက ဖိနပ်နဲ့ ချွတ်ရိုက်လို့ ထွက်ပြေးခဲ့ရတယ်၊ ဘာညာဆိုပြီး မဟုတ်တမ်းတရား ပြောချင် ပြောမည်။

m g y p e . c o m

mgyoe.com
SAMPLE BOOK


ထို့ကြောင့် ဒီငပေါကို စာရင်းထဲ မထည့်တော့။

ကျွန်တော့်အကြံအစည်မှာ ပွင့်ကောင်း၏ ခံစားမှုဘက်သို့ အလေးကဲသော အယူအဆများနှင့် မော်ဆရာ၏ ဆင်ခြင်မှုတို့ဖြင့် ပြည့်နှက်နေသော အယူအဆတို့မှ မနှစ်သက်သည်ကို ပယ်၍၊ လက်ခံနိုင်သည့် အလားအလာရှိသော အချက်အလက်တို့ကို ပေါင်းစည်း၍ 'ခင်စန်းစိမ်ချက်' ကို အကောင်အထည်ဖော်ရန် ဖြစ်သည်။

ပွင့်ကောင်းသည် "အင်း... ကောင်းပြီလေ" ဆိုပြီးလျှင် ဆေးလိပ်ကြီးကို ကိုက်ရင်း ငေးနေပြန်သည်။ ကျွန်တော်က သူ ဘာပြောမလဲလို့ ငြိမ်၍ နားထောင်နေလိုက်သည်။ မော်ဆရာက အကြမ်းပန်းကန်လုံးထဲသို့ ရေနွေးကြမ်း ငှဲ့ထည့်လိုက်သည်။

ပွင့်ကောင်းသည် ကျွန်တော့်ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး-

"ဒီတော့ မင်း ဘာလုပ်မလဲ"

မော်ဆရာက ပွင့်ကောင်းကို ကြည့်ရင်း ခေါင်းကို မသိမသာ ယမ်းလိုက်၏။ အမှန်မှာ ရှင်းရှင်းကလေးရယ်။ ကြိုက်သလား၊ ကြိုက်တယ်။ ချစ်သလား၊ ချစ်တယ်။ စာလိုက်ပေးချင်ပေး။ စကားလိုက်ပြောချင်ပြော။

"အချစ် ဆိုတာကလည်း ခက်သားကလားကွာ"

ပွင့်ကောင်းက ပြောသည်။ မော်ဆရာက ခေါင်းယမ်းပြန်၏။ ပွင့်ကောင်းသည် မော်ဆရာကို ဂရုမစိုက်ဘဲ ဆက်ပြောနေသည်။

"ဒီလို ရှိတယ်ကွ၊ အချစ်ဆိုတာ ထူးဆန်းတယ်၊ **Love is the greatest and ...**"

"ပွင့်ကောင်း၊ စကားပုံတွေ နောက်မှ ပြောကွာ"

မော်ဆရာ သည်းမခံနိုင်တော့ဘဲ ဝင်ပြောသည်။ ပွင့်ကောင်းကား မော်ဆရာကိုကြည့်၍ ခေါင်းတဆတ်ဆတ် လုပ်နေလိုက်၏။

မော်ဆရာက-

"ဟော့... လူလတ်၊ မင်း ဆုံးဖြတ်ပြီးပြီလား"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"သေသေချာချာ စဉ်းစားနော်၊ ဒါ ပေါ့ပေါ့လေး လုပ်လို့ မရဘူး၊ အားလုံးကို ဆင်ခြင်တွက်ဆကြည့်၊ ရှေ့လောမကြီးနဲ့၊ အဲ... ဆုံးဖြတ်ပြီးပြီဆိုရင်လည်း နောက်မဆုတ်နဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

မှော်ဆရာက လေးနက်စွာ ပြောနေသည်ကို ပွင့်ကောင်းသည် ခေါင်းတဆတ်ဆတ်လုပ်ရင်း ကြည့်နေပြန်သည်။ ဒီနှစ်ကောင်နှင့် ကြာလျှင် ခက်မည်။ တစ်ယောက်က ပြောလျှင် တစ်ယောက်က ခေါင်းတဆတ်ဆတ် လုပ်လိုက်။ တစ်ယောက်က ပြောလျှင် တစ်ယောက်က ခေါင်းယမ်းလိုက်။

ကျွန်တော်သည် ကိုယ်ကို မတ်မတ်ထားလိုက်ပြီး–

"ကဲ… ငါ ပြောမယ်၊ ငါ ခင်စန်းကို ချစ်နေပြီ၊ တကယ်ပြောတာ၊ သေသေချာချာလည်း စဉ်းစားပြီးပြီ၊ ဆုံးဖြတ်ချက်လည်း ချပြီးပြီ"

"အေး… ကောင်းတယ်"

မှော်ဆရာ ပြောသည်။

"ငါလည်း သဘောကျတယ်၊ ခင်စန်းဟာ မင်းနဲ့ လိုက်ဖက်ညီမှာပဲ"

ပွင့်ကောင်း၏မှတ်ချက်။

ဒီနေရာကျပြန်တော့လည်း သူတို့နှစ်ယောက်က ညီညွတ်သားပဲ။

"ဒီကိစ္စကို ငါတို့ ဘယ်လို လုပ်ကြမလဲဆိုတာ ပြောရအောင်"

"ငါတို့လို့ မပြောနဲ့၊ မင်းကိစ္စပဲ"

"ဒါပေမဲ့၊ မင်းတို့ အကူအညီကိုလည်း ယူရမှာပေါ့၊ တိုင်ပင်ချင်လို့ ခေါ်တာပဲဟာ"

"အေးလေ၊ ငါတို့လည်း အကြံဉာဏ်ပေးမှာပါ၊ မင်း ဘာလုပ်ချင်တယ်ဆိုတာ အရင်ပြောဦး"

"ငါ ပါးစပ်နဲ့တော့ မပြောရဲဘူး၊ စာပေးမယ်ကွာ"

"ဟာ… မင်းကလည်း ကလေးဆန်လိုက်တာ"

"ဘာဆိုင်လို့လဲ၊ ငါ တကယ်ချစ်တာပဲ"

"မင်း တကယ်ချစ်တာ ယုံပါတယ်၊ ဒါပေမဲ့ ချက်ချင်းကြီး စာပေးတာတော့ မကောင်းဘူး၊ သူနဲ့ ရင်းနှီးအောင် အရင်လုပ်ရဦးမယ်"

"သူနဲ့ ငါနဲ့ ဟိုးအရင်ကတည်းက သိတာပဲ ဥစ္စာ"

"မင်း တော်တော် နားဝေးတာပဲ၊ မင်းနဲ့သိပြီးသားပေမယ့် အဆက်အသွယ်ပြတ်နေတာက ကြာပြီ မဟုတ်လား၊ ဟိုတစ်နေ့ကမှ မင်္ဂလာဆောင်မှာ ပြန်တွေ့တာ၊ မင်းက ချက်ချင်းကြီး စာပေးမယ်ဆိုရင် မင်းကို အထင်သေးသွားမှာပေါ့"

mgyoe.com

မော်ဆရာ့စကားသည် ဟုတ်သလိုလိုတော့ ရှိသည်။ ပွင့်ကောင်းက ဝင်ရောက် ရှင်းလင်းပြန်သည်။

"ဒီလို ရှိတယ်လေ၊ မိန်းကလေးဆိုတာက သူတို့ကို တန်ဖိုးထားတဲ့အကြောင်းကို ဖွင့်ပြောမှ၊ ဒါမှမဟုတ်ရင်လည်း သိသာထင်ရှားအောင်ပြမှ ကျေနပ်တာ"

ပွင့်ကောင်းသည် အေးငယ်၏အချစ်ကို ရရှိထားသူ ဖြစ်သောကြောင့် သူ့ကိုယ်သူ မိန်းကလေးတို့၏ သဘောသဘာဝကို တတ်သိနားလည်သည်ဟု ထင်နေသူ ဖြစ်သည်။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ သူက ကျွန်တော့်ထက် သာနေသောကြောင့် သူ့အကြံအစည်ကို ကျွန်တော် လက်ခံရပါတော့မည်။

"ဒီတော့ ငါက ဘာလုပ်ရမလဲ"

"မင်း သူတို့အိမ်ကို သွားလည်ကွာ"

"ဟာ… ငါမှ တစ်ခါမှ မသွားဖူးဘဲ၊ ငါ မသွားရဲဘူး"

"ငါတို့ပါ လိုက်မှာပေါ့ကွ၊ သူတို့လမ်းထဲမှာ ငါ့သူငယ်ချင်းတစ်ယောက် ရှိတယ်၊ အဲဒီကို ကိစ္စရှိလို့ သွားရင်းနဲ့ လမ်းကြုံလို့ ဝင်လာတာဆိုပြီး ခင်စန်းတို့အိမ်ကို ဝင်မယ်"

"ယုံပါ့မလားကွ"

"အို… ယုံယုံ မယုံယုံကွာ၊ မယုံလို့ သူ့စိတ်ထဲက သင်္ကာမကင်းဖြစ်ရင်လည်း တစ်နည်းကောင်းတာပဲ၊ မင်း သူ့ကို စိတ်ဝင်စားနေကြောင်း မြန်မြန်သိတာပေါ့"

"အေးကွာ၊ သွားမယ်"

"မင်း ဘယ်နေ့ သွားချင်လဲ"

"နက်ဖြန်"

မနေ့က ပြောခဲ့သော နက်ဖြန်သည် ဒီနေ့ပင် ဖြစ်လေသည်။

ကျွန်တော်တို့ သူရဲကောင်းသုံးယောက်သည် ပြည်တော်သာလမ်းထဲသို့ တန်းစီချီတက်၍ ဝင်ခဲ့ကြသည်။ နောက်ဆုံးက လိုက်လာသူမှာ အများမျှော်လင့်ထားသည့်အတိုင်း ကျွန်တော် လူလတ်ပင် ဖြစ်ပါသည်။ ကျွန်တော်သည် ကိုယ့်ဇာတ်လမ်းဖြစ်သောကြောင့်သာ လိုက်လာရသော်လည်း အမှန်ကို ဝန်ခံရလျှင် အတန်ငယ်လန့်၍ နေပါသည်။ စိတ်ကိုတင်းသည့် သဘောဖြင့်

mgyoe.com

စကားပြောရန် ကြိုးစားကြည့်ရာ ပါးစပ်မှ ပထမဆုံး ထွက်လာသော စကားမှာ-

"ဟော့ကောင်တွေ ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ်ကွ"

ရှေ့ဆုံးမှ ချီတက်နေသူ မှော်ဆရာက လှည့်၍ ပြော၏။

"တော်ကြာ၊ ငါတို့ကို မသိသလိုလို လုပ်နေရင် သောက်ရှက်ပဲ"

"မင်းကလည်း၊ အိမ်ကို လာတဲ့ဧည့်သည်ပဲဟာ၊ သူတောင်းစား တောင် ကန်တော့ပါသေးရဲ့လို့ ပြောရသေးတာပဲ၊ ငါတို့က သူ့သူငယ်ချင်း တွေပဲဟာကွာ၊ ပြီးတော့ သူတို့အိမ်ရှေ့မှာ အလှူခံ မဝင်ရဆိုတဲ့ ဆိုင်းဘုတ် လည်း မတွေ့မိပါဘူး"

"ဘာဆိုင်လို့လဲ"

"ဩ်... ပွင့်ကောင်းပါလာလို့ ပြောတာပါ"

ပွင့်ကောင်းက မှော်ဆရာကို တစ်ခွန်း လှမ်းဆဲသည်။

"ပြီးတော့ သူတို့အဘိုးကြီးက ကျောင်းဆရာကြီးဟောင်းကွ၊ စည်းကမ်းကြီးတယ်လို့ သတင်းကြားတယ်"

"မင်း အဘွားကြီးကလည်း ကျောင်းဆရာမကြီးဟောင်းပဲဟာ၊ ဟဲ... ဟဲ၊ ကျောင်းဆရာမကြီးရဲ့သားနဲ့ ကျောင်းဆရာကြီးရဲ့သမီး၊ မင်းတို့ နှစ်ယောက်က လိုက်ဖက်ညီပါတယ်ကွ"

စောစောတုန်းက ဒေါ်ထွေးကြည်ဆိုင်မှာ ကျွန်တော် ဝယ်ကျွေးခဲ့ သော မုန့်ဟင်းခါးကြောင့်လား မသိ။ သူတို့သည် ကျွန်တော့်ကို ပင့်ပေးနေ လေသည်။ ကျွန်တော်ကလည်း ယင်းအချက်ကို အတော်သဘောကျမိပါ၏။ နည်းနည်းလည်း အားတက်လာသည်။

ဟော... ပြောရင်းဆိုရင်း ရောက်လာပြီ။ ခင်စန်းတို့အိမ်သည် ခြံဝင်း ထဲမှာ။ နှစ်ထပ်။ မှော်ဆရာကတော့ ခပ်တည်တည်ပင် ဦးဆောင်ဦးရွက်လုပ်၍ ဝင်းတံခါးသံတိုင်ကို လှမ်းကိုင်လိုက်သည်နှင့် တစ်ပြိုင်နက်-

ဂိုးခနဲ အော်သံနှင့်အတူ ခွေးနက်ကြီးတစ်ကောင် ဘွားခနဲ ပေါ်လာ သည်။ မှော်ဆရာသည် သံတိုင်ကိုလွှတ်၍ နောက်ဆုတ်လိုက်သည်။ တော်ပါ သေးရဲ့၊ တံခါးက ပိတ်ထားပေလို့။ ကျွန်တော့်မှာ နဂိုကတည်းက ခပ်လန့်လန့် ရယ်။ ခုလို ခွေးနက်ကြီးက အစွယ်ဖွေးဖွေးဖြင့် မာန်ဖီနေသောအခါ-

mgyoe.com

mgybe.com

"ဟော့ကောင် မှော်ဆရာ၊ မဖြစ်ဘူးထင်တယ်၊ လစ်ကြစို့"

"လူလတ်၊ မင်း ငြိမ်ငြိမ်နေစမ်းကွာ"

မှော်ဆရာက ကျွန်တော့်ကို ဟောက်လိုက်သည်။ ကျွန်တော်ကဖြင့် မှော်ဆရာထက် ခွေးနက်ကြီးကို ပို၍ ကြောက်နေသည်။ ပွင့်ကောင်းကား ပါးစပ်က 'ကလစ် ကလစ်' လုပ်၍ ခွေးနက်ကြီးကို ချော့နေရင်း ခြံဝင်းထဲသို့ ဟိုဟိုဒီဒီ ကြည့်နေသည်။ ထိုအချိန်တွင် အသက်ခြောက်နှစ်၊ ခုနစ်နှစ်ခန့် ချာတိတ်ကလေးတစ်ယောက် အိမ်ထဲမှ ပြေးထွက်လာသည်။ ပွင့်ကောင်းက လှမ်းအော်ခေါ်လိုက်၏။

"ညီလေး... ညီလေး"

ချာတိတ်က အပေါက်ဝနားသို့ လာရပ်သည်။

"ခင်စန်း ရှိလား၊ ခင်စန်း"

"အန်တီရှန်းကို ပြောတာလား"

"မဟုတ်ဘူးလေ၊ ခင်စန်း"

"ခင်ရှန်းဆိုတာ အန်တီရှန်းပေါ့"

"အေး... အေး၊ ရှိလား"

"မရှိဘူး"

"ဟင်... အပြင်သွားလို့လား"

"မဟုတ်ဘူး၊ အပေါ်ထပ်မှာ"

"ဒါဆိုလည်း ခေါ်ပေးပါကွာ၊ အန်တီ့သူငယ်ချင်းတွေ ရောက်နေတယ်လို့"

ချာတိတ်သည် "အန်တီရှန်းရေ၊ အန်တီရှန်းရေ" ဆိုပြီး အပေါ်ထပ်သို့ အော်ခေါ်သည်။ ခဏကြာသောအခါ မျက်မှန်နှင့် ခပ်ဝဝအစ်မကြီးတစ်ယောက် ဝရန်တာသို့ ထွက်လာသည်။ ခင်စန်း၏အစ်မ ဖြစ်လိမ့်မည်ထင်သည်။

"ဘာကိစ္စရှိလို့ပါလဲ"

ထိုအစ်မကြီး၏အမေးကို ရုတ်တရက် ပြန်မဖြေနိုင်ဘဲ "ဟို... ဟို ဥစ္စာ" ဟု ဖြစ်နေတုန်း ချာတိတ်က ဝင်၍ ဖြေပေးလိုက်၏။

"အန်တီရှန်းရဲ့ သူငယ်ချင်းတွေတဲ့ အန်တီတိုးရဲ့"

"သြော်... သြော်၊ ဝင်ခဲ့ကြပါ"

ဟင်း... တော်ပါသေးရဲ့။ ကျွန်တော်က ဟောက်လွှတ်မယ် ထင်နေ

mgybe.com

m gyee.com SAMPLE EBOOK

တာ။ ခုလို ပျူပျူငှာငှာရှိသောကြောင့် အတန်ငယ် စိတ်ရဲလာသည်။ သို့ရာတွင် ဟိုခွေးနက်ကြီးက ရှိနေတုန်း။

"ဟို... ခွေး... ခွေးကြည့်ပါဦး"

"မကိုက်တတ်ပါဘူး၊ ဝင်ခဲ့ပါ၊ ထွန်းထွန်း၊ ခွေးကြည့်ထားစမ်း"

ကျွန်တော်တို့သုံးယောက်သည် သံတံခါးကို ဆွဲဖွင့်၍ မရဲတရဲ ဝင်လိုက်သည်။ ခွေးနက်ကြီးသည် စောစောတုန်းကလို မာန်ဖီ၍ မနေသော်လည်း ကျွန်တော်တို့ကို စိန်းစိန်းကြည့်နေတုန်း။

'နေနှင့်ဦးပေါ့ကွာ၊ ခင်စန်းနဲ့ငါနဲ့ လက်ထပ်ပြီးမှ နင့်ကို လိုမ့်ကန်ပစ်မယ်' ဟု စိတ်ထဲက တေးထားလိုက်သည်။

ထွန်းထွန်းဆိုသော ချာတိတ်က ဦးဆောင်၍ အပေါ်ထပ်သို့ ခေါ်သွားသည်။ စောစောတုန်းက အစ်မကြီးကပင် ဆီးကြို၍ ဧည့်ခန်းမှာ နေရာချပေးသည်။

"ခဏထိုင်ကြဦးနော်၊ ခင်စန်းကို ခေါ်ပေးမယ်၊ ရေချိုးနေတယ်ထင်တယ်"

အစ်မကြီး ထွက်သွားသည်။

"ခင်စန်းရဲ့အမ ခင်တိုးဆိုတာ ထင်တယ်" ဟု မော်ဆရာက တိုးတိုးကလေး ပြောသည်။

ထိုအစ်မကြီးမှာ ခင်စန်းနှင့် မျက်နှာပေါက်ချင်း အတန်ငယ် ဆင်သော်လည်း ခင်စန်းလောက် မလှချေ။ ကြည့်ပျော်ရှုပျော် ရှိရုံလောက်သာ ဖြစ်သည်။

ဧည့်ခန်းထဲမှာ ကျွန်တော်တို့ သုံးယောက်တည်း ကျန်ခဲ့၏။ အတော်ကြာသည်ထိ ခင်စန်း ရောက်မလာသေး။ ကျွန်တော် လာတယ်ဆိုလို့များ အစွမ်းကုန် အလှပြင်နေသလားဟု ထင်မိသေးသည်။ သို့ရာတွင် ထိုသို့မဟုတ်ချေ။ ခင်စန်းသည် သနပ်ခါး ပါးကွက်ကျားဖြင့် ရိုးရိုးကလေးပင် ရောက်ရှိလာလေသည်။ ရိုးရိုးကလေးဟု ဆိုသောကြောင့် ကျစ်ဆံမြီးကြီးနှင့်၊ ဆံထုံးကြီးနှင့်ဟု မထင်ကြပါနှင့်။ သူသည် ခေတ်မီသူ ဖြစ်ပါသည်။ ဆံပင်ဖားလျား ချထားပါသည်။ ခေတ်နှင့်လျော်ညီစွာ လက်ဖောင်းကလေးတွေ ဘာလေးတွေ ဝတ်တတ်ပါသည်။ တချို့မိန်းကလေးတွေလို နီနီရဲရဲ၊ မည်းမည်းကြီးတွေ၊ ကြောင်ကြောင်ကျားကျားကြီးတွေ၊ အကျီလည်ပင်းပေါက် မြင်ကွင်းကျယ်ကြီး

mgyee.com

mgyoe.com


တွေ မဟုတ်သော 'ရိုးရိုးကလေး' ကို ဆိုလိုပါသည်။ ခင်စန်းအကြောင်း ပြောရလျှင် မမောနိုင်၊ မပန်းနိုင် လေရှည်သွားတတ်သည်ကို သည်းခံတော်မူကြပါ။

ခင်စန်းသည် ကျွန်တော်တို့ကို မြင်သောအခါ ပြုံး၍ နှုတ်ဆက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။ ကျွန်တော်သည် သူ့ကို ပြန်၍ ပြုံးမပြမိပါ။ သူ့အပေါ် 'စတယ်' နှင့် 'မှင်' နှင့် ဆက်ဆံရန် ကြိုးစားခြင်း မဟုတ်ပါ။ ရုတ်တရက် မှင်တက်မိပြီး သူ့ကို ခဏမျှ ငေးကြည့်မိသောကြောင့် ဖြစ်ပါသည်။ နောက်မှ ကိုယ့်ဘာသာ သတိရပြီး မျက်လွှာချလိုက်ရသည်။

မှော်ဆရာက သူတို့အိမ်ကို ရောက်လာပုံအကြောင်း ပြောပြနေသည်။

''ဒီလမ်းထဲမှာ ငါတို့အသိတစ်ယောက် ရှိတယ်၊ ကိုကိုကြီးတဲ့၊ သိလား''

''ဟင့်အင်း... သတိမထားမိဘူး''

''အဲ... အဲဒီ ကိုကိုကြီးအိမ် လာရင်းနဲ့ နင်တို့အိမ်ကို ဝင်လာတာ''

သူ့ကို လူပျိုလှည့်ရန် ရည်ရွယ်၍လာခြင်း မဟုတ်သယောင်လုပ်၍ ပြောနေခြင်းကို သဘောမကျဘဲ ဖြစ်နေမိပြန်သည်။ သူ့ဆီသို့ တမင်တကာ လာခြင်း မဟုတ်ဘဲ လမ်းကြုံလို့သာ ဝင်လာခြင်း ဖြစ်သည်ဟု ဆိုခြင်းမှာ သူ့အပေါ် တန်ဖိုးမထားရာများ ရောက်နေသလားဟု စိုးရိမ်မိခြင်း ဖြစ်သည်။

ကျွန်တော်တို့ စကားပြောနေတုန်း သူ့အစ်မ ရောက်လာသည်။ ပြီးတော့ သူပါ ဝင်ထိုင်၍ စကားပြောသည်။ ခင်စန်းက ''ခဏလေး'' ဆိုပြီး ထွက်သွား၏။ ခဏကြာတော့ ပြန်ရောက်လာသည်။ လက်ဖက်သုပ်ပန်းကန်ကို စားပွဲပေါ် ချလိုက်သည်။ ဒီနေ့ တော်တော် အဆင်ပြေနေသည်။ ရင်းရင်းနှီးနှီး စကားပြောဖြစ်ကြသည်။

ကျောင်းပိတ်ထားသည်မှာ ကြာပြီဖြစ်သောကြောင့် ပျင်းစရာကောင်းကြောင်း၊ ယခုနှစ် တက္ကသိုလ်စာမေးပွဲများကို မိမိတို့ သက်ဆိုင်ရာမြို့နယ်များတွင် ဖြေရမည့်အကြောင်း။

''ဟုတ်တယ်နော်၊ ကိုယ့်ကျောင်းမှာ ကိုယ်ပြန်ဖြေရမယ်ဆိုတော့ စိတ်ထဲမှာ တစ်မျိုးပဲ၊ ဆယ်တန်းကျောင်းသားဘဝကို ပြန်သတိရတယ်''

ပွင့်ကောင်းကတော့ ထုံးစံအတိုင်း ဆွတ်ပျံ့ဖွယ်အကြောင်းများကို ပြောနေသည်။ ဖီလင်ဘုရင် ပွင့်ကောင်းတဲ့ မဟုတ်လား။ ကျွန်တော်ကတော့

mgyoe.com

mgyoe.com SAMPLE BOOK


သိပ်စကားမပြောမိ။ ခင်စန်းကို 'စာတွေ တော်တော်ကျက်ပြီးပြီလား' ဟု တစ်ခွန်းတည်းသာ ပြောမိသည်။ ကျန်တဲ့အချိန်တွေမှာ နားထောင်သမားသက်သက်၊ ပြီးတော့လည်း ကျွန်တော် သူ့ကို မျက်နှာချင်းဆိုင်၍ မကြည့်ရဲသဖြင့် သူ ဟိုကောင်တွေဘက် လှည့်ပြီး စကားပြောနေတုန်း ခိုးကြည့်ရသည်။ သူ့မျက်နှာကိုချည်း ကြည့်နေလျှင် ဣန္ဒြေမဲ့ရာကျမည် စိုးသောကြောင့် နံရံက ပြက္ခဒိန်တွေကို လျှောက်ကြည့်ရသေးသည်။ ပြီးတော့မှ သူ့ကို တစ်လှည့်ပြန်ခိုးကြည့်။ တစ်ခါတစ်ရံ သူ့လက်များကို ကြည့်သည်။ တစ်ခါတစ်ရံ သူ့ခြေထောက်များကို ကြည့်သည်။

သူသည် လှပါသည်။မယုံလျှင် လူတစ်ရာတိတိကိုခေါ်၍ ပြကြည့်ပါ။ ကိုးဆယ့်ကိုးယောက်က လှသည်ဟု ပြောပါလိမ့်မည်။ ကျန်တစ်ယောက်မှာ မျက်စိကန်းနေသူ ဖြစ်ပါသည်။

***

တက္ကသိုလ်ကျောင်းတိုက်မှာ တတိယနှစ်ကြီးများတောင် ရောက်နေပြီဆိုတော့ နည်းနည်းတော့ လူကြီးဆန်ရပေတော့မပေါ့လေ။ ကျွန်တော်၏ စိတ်ရင်းအတိုင်း ပြောရလျှင် ခင်စန်းကို ခုချက်ချင်းပင် ချစ်ခွင့်ပန်လိုက်ချင်ပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် လူပျိုပေါက်၊ အပျိုပေါက်ကလေးများ မဟုတ်ကြချေ။ ကျွန်တော်က ခင်စန်းသည် ကျွန်တော်နှင့် ဆယ်တန်းတုန်းကတည်းက သိကျွမ်းခဲ့ပြီးဖြစ်သောကြောင့် သိပ်ပျိုးနေစရာမလိုဟု ထင်သည်။ ဟိုကောင်တွေကမူ ကျွန်တော်တို့နှစ်ယောက် အဆက်အသွယ်ပြတ်နေသည်မှာ ကြာပြီ ဖြစ်သောကြောင့် တစ်ကြောင်း၊ ခင်စန်းသည် အေးဆေးသူ ဖြစ်သောကြောင့် တစ်ကြောင်း အပူတပြင်း မဆောင်ရွက်သင့်ဟု ဆိုကြသည်။ ပွင့်ကောင်း၏ အဆိုအရ 'ဒီပလိုမေစီ' ရှိရမည်ဆိုပြီး အချိန်ယူ၍ စီစဥ်ဖို့ တိုက်တွန်းသည်။

ထို့ကြောင့် ကျွန်တော်သည် စာမေးပွဲ မဖြေခင်အတွင်း ခင်စန်းတို့အိမ်သို့ နောက်ထပ်နှစ်ခေါက် ရောက်ခဲ့လေသည်။ ထုံးစံအတိုင်း ဟိုနှစ်ကောင်လည်း ပါသည်။ ဒုတိယတစ်ခေါက်ရောက်တော့ အကြောင်းပြပုံမှာ-

မော်ဆရာသည် လုပ်သားများကောလိပ်မှာ ဓာတုဗေဒ ဒုတိယနှစ်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ ထို့ကြောင့် ခင်စန်း ဒုတိယနှစ်တုန်းက မှတ်စုစာအုပ်များရှိလျှင် ငှားပါဟု အကြောင်းပြသည်။ ခင်စန်းက "ရှိတော့ရှိတယ်၊ စာအုပ်အဟောင်းတွေထားတဲ့အခန်းထဲ ရောက်နေတယ်၊ ခဏစောင့်နိုင်ရင်တော့ ရှာပေးမယ်" ဟု ဆိုသည်။ မော်ဆရာကား လူလည်။

"နေပါစေလေ၊ အခုမယူသေးပါဘူး၊ အချိန်ရရင်သာ ရှာထားလိုက်ပေါ့၊ နောက် လေးငါးရက်လောက်နေမှ ငါတို့ လာယူမယ်"

ဤသို့ဖြင့် ကျွန်တော်တို့ တတိယအခေါက် ရောက်ခဲ့ကြပြန်သည်။ ကျွန်တော်သည် ထိုအခေါက်များတွင် ပထမဆုံးအခေါက်ထက်ပို၍ အတန်ငယ်သွက်လက်လာသည်။ သိပ်တော့ အထင်မကြီးကြပါနှင့်။ ပထမဆုံးအခေါက်က စကားတစ်ခွန်းတည်းသာ ပြောခဲ့ပြီး၊ ဒုတိယအခေါက်တွင် သုံးလေးခွန်း ပြောဖြစ်ပြီး နောက်ဆုံးအခေါက်တွင် အတော်အတန် ပြောဖြစ်ခဲ့ခြင်းမျှသာ ဖြစ်ပါသည်။

သူ့ကို ပြောခဲ့သော စကားများတွင် ရိသဲ့သဲ့စကားလုံးများ မပါရှိပါ။ စာမေးပွဲနှင့်ဆိုင်သောအကြောင်း၊ ဆယ်တန်းတုန်းက သူငယ်ချင်းတွေအကြောင်းသာ ဖြစ်ပါသည်။ သူတို့အိမ်သို့ ရက်သတ္တသုံးပတ်လောက်အတွင်းတွင် သုံးခေါက်တိတိ ရောက်ရှိသော ကျွန်တော်တို့ကို မည်သို့သော သဘောထားမည် မသိပါ။ ဟိုယခင်အခါက သူတို့အိမ်ရှေ့ကပင် ဖြတ်လျှောက်ဖူးခြင်းမရှိခဲ့ဘဲ ခုမှ ထူးခြားစွာ အလည်အပတ်ရောက်ရှိနေတတ်ခြင်းအတွက် သင်္ကာယနမကင်း ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ တစ်ခုပဲ ရှိသည်။ ကျွန်တော်တို့က သုံးယောက်ဆိုတော့ ဘယ်သူက လာ'ပတ်'နေတာလဲဆိုတာ စဉ်းစားစရာဖြစ်လာနိုင်သည်။ ဒါလည်း သိပ်ပြဿနာ မဟုတ်ပါ။ တစ်ချက် တစ်ချက် အရောင်လက်သော မျက်လုံးများဖြင့် ခိုးကြည့်တတ်သော ကျွန်တော့်ကို သူသတိထားမိလျှင် ရိပ်မိနိုင်ပါသည်။ သူလည်းလေ မိန်းကလေးပေပဲ။ ကျွန်တော်တို့ဘက်ကလည်း ခင်စန်းနှင့်ပတ်သက်၍ သိထားသင့်သော အချက်တစ်ချက် ရှိသည်။ ခင်စန်းသည် အသက်နှစ်ဆယ်ပြည့်ပြီးသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူသည် အရွယ်ရောက်နေပြီဖြစ်ကြောင်း ပြောဖို့ပင်မလို။ သူ့လိုလှပသော မိန်းကလေးမျိုးကို ချစ်လိုသူများအများအပြားပင်ရှိမည်မှာ သေချာပါသည် ဒါက အရေးမကြီးပါ၊ ခုလောလောဆယ် သူ့ထံတွင် ချစ်သူ ရှိ၊ မရှိ ဆိုတာသာ။

mgyoe.com

m g y o e . c o m SAMPLE BOOK


"ဆယ်တန်းတုန်းကတော့ ရည်းစား မရှိတာ သေချာတယ်ကွ"

မော်ဆရာက ပြောသည်။ ပွင့်ကောင်းကလည်း-

"တက္ကသိုလ်မှာလည်း တွဲတာတော့ မတွေ့မိဘူး၊ ခုလောလောဆယ်မှာတော့ သူ့မှာ 'ဘဲ' မရှိတာ သေချာတယ်။ အရင်ကတော့ မသိဘူး"

"အိုကွာ၊ အရင်က ရှိတာ၊ မရှိတာ အရေးမကြီးပါဘူး၊ ခု မရှိဖို့ပဲ အရေးကြီးတယ်"

ကျွန်တော်တို့ထင်မြင်ချက် မှန်သည်ဟု ထင်သည်။ ခုလောလောဆယ်တွင် သူ့ကို ချစ်ချင်နေသူ အများအပြား ရှိနိုင်သော်လည်း သူသည် မည်သူ့ကိုမျှ လက်ခံခြင်း၊ တုံ့ပြန်ခြင်း ပြုသေးဟန် မတူ။ နဖူးစာမှန်သူကို စောင့်နေဟန် တူသည်။ ကျွန်တော် ထင်၏။

❐

mgyoe.com

mgyoe.com SAMPLE BOOK

--၃--

ယခုနှစ် တက္ကသိုလ်စာမေးပွဲများကို မိမိတို့နှင့် သက်ဆိုင်ရာမြို့နယ်များတွင် ဖြေရပါသည်။ ခင်စန်းနှင့်ကျွန်တော်သည် တစ်မြို့နယ်တည်းတွင် နေကြသူများဖြစ်သောကြောင့် တစ်ကျောင်းတည်း ဖြေရသည်။ အ.ထ.က (၁)မှာ။

ကိုယ်ငယ်စဉ်ကတည်းက နေခဲ့သောကျောင်းမှာ တက္ကသိုလ် တတိယနှစ်စာမေးပွဲကို ပြန်ဖြေရသောအခါ စိတ်ထဲက တစ်မျိုးကြီး ခံစားရ၏။ တက္ကသိုလ်ရောက်ပြီးနောက် ကျောင်းကို သိပ်မရောက်ဖြစ်တော့ချေ။ ပထမနှစ်လောက်ကတော့ ဆရာ၊ ဆရာမတွေဆီ အလည်အပတ်ရောက်ခဲ့သေးသည်။ နောက်ပိုင်းတွင် မရောက်တော့။ ကျောင်းရှေ့က ဖြတ်သွားဖြစ်သော်လည်း၊ ကျောင်းဝင်းထဲသို့ မဝင်ဖြစ်။ ဆယ်တန်းတုန်းက စာများနှင့်အတူ ကျောင်းကို မေ့ထားခဲ့သည်။

ခုလို တက္ကသိုလ်မှာ တတိယနှစ်ရောက်ပြီးမှ ကိုယ်နေခဲ့သောကျောင်း၊ ကိုယ်ထိုင်ခဲ့ဖူးသော ထိုင်ခုံအစုတ်ကလေးမျိုးပေါ်မှာ ပြန်ထိုင်၍ တက္ကသိုလ်စာမေးပွဲကို ပြန်ဖြေရသောအခါကျမှ...။

mgyoe.com

mgyoe.com

ကျောင်းဝင်းတံခါးမှ ဝင်ဝင်ချင်း လက်ယာဘက်ရှိ စာကြည့်တိုက်ကို မြင်သောအခါတွင် အုတ်မြစ်ချသည့်နေ့က ကျွန်တော်တို့ကိုယ်တိုင် ခုတ်ထွင် ရှင်းလင်း သယ်ပို့ပြီး တည်ဆောက်ခဲ့ရသည်ကို အမှတ်ရသည်။ ကျောင်းဝင်း အစပ်ရှိ ကုက္ကိုပင်ကြီးသည် မပြောင်းလဲသေး။ ဖြတ်သွားဖြတ်လာ ပြမြဲ ဖြစ်သော်လည်း အမှတ်တမဲ့ နေခဲ့သော ကျောင်း၏အငွေ့အသက်ကို ခုမှပင် လွမ်းလွမ်းဆွတ်ဆွတ် ခံစားမိသည်။

ကျောင်းဆင်ဝင်အောက်သို့ရောက်လျှင် ဟိုယခင်အခါဆီက ကျောင်း ဆင်း ကျောင်းတက်ချိန်များတွင် လက်နောက်ပစ်၍ မားမားကြီးရပ်နေတတ် သော ဆရာကြီးဦးငြိမ်းမောင်ကို မြင်ယောင်မိသည်။ ကျောင်းနောက်ကျသူ များကို ဒဏ်ပေးသည့်အနေဖြင့် ကျောင်းဝင်းထဲမှာ ငါးမိနစ်လောက် အမှိုက် ကောက်စေပြီးမှ အတန်းထဲ ဝင်ခွင့်ပြုသည်။ တစ်ခါက ကျောင်းနောက်ကျ သဖြင့် အမှိုက်ကောက်ခိုင်းသည်ကို ရှက်ပြီး ထိုင်ငိုသော တင်တင်ဝင်းကို သတိရသည်။

ကျွန်တော်ရယ်၊ ပွင့်ကောင်းရယ် ဆယ်တန်းတုန်းက နေခဲ့ရသော အခန်း ၁၁ ထဲသို့ ဝင်ခဲ့ကြသည်။ အတန်း၏ညာဘက် နောက်ဆုံးထောင့်ရှိ အရင်က ထိုင်ခဲ့သော ခုံတန်းမှာ ထိုင်ကြသည်။ အတန်း၏အခြေအနေသည် များစွာမပြောင်းလဲသေး။ ကျွန်တော်တို့တုန်းကထက် ခုံတန်းတွေ ပိုများလာ ခြင်းလောက်သာ ရှိသည်။ အရင်က ထိုင်ခဲ့သောနေရာသည် သစ်သားတိုင် နှင့် ကပ်လျက်ဖြစ်ကြောင်း မှတ်ထားသောကြောင့် နေရာမှန်ကို သိ၏။ ခုဆို လျှင် ကျွန်တော် ထိုင်နေသောနေရာနောက်မှာ ခုံတန်းသုံးခုလောက် တိုးနေ သည်။ အတန်း၏လက်ဝဲဘက်အစွန် ရှေ့ဆုံးတန်းသည် ခင်စန်း ထိုင်ခဲ့သော နေရာ။ ကျွန်တော်က လက်ယာဘက်အစွန် နောက်ဆုံးတန်း ဖြစ်သောကြောင့် ကျွန်တော်တို့နှစ်ယောက်သည် အတန်းထဲတွင် အဝေးဆုံး ထိုင်ခဲ့ကြကြောင်း ခုမှပင် သတိပြုမိသည်။ မကြာမီတွင် ရန်ကုန်တက္ကသိုလ်ရှိ ကံ့ကော်တောမှ တစ်ခုသော ခုံတန်းလျားတွင် ပူးကပ်၍ ထိုင်ရဖွယ်ရှိကြောင်း စဉ်းစားရင်း ပြုံးမိပြန်သည်။

သတိရ၍ ကျွန်တော့်ဘေးက တိုင်မှာ မှတ်ဆိတ်ဆွဲခဲ့သော ဆရာကြီး ပုံကို ရှာကြည့်သည်။ သံချောင်းနှင့် ခြစ်၍ ဆွဲထားခဲ့ခြင်း ဖြစ်သောကြောင့် ရှိလိမ့်ဦးမည် ထင်သော်လည်း မတွေ့ရတော့။ တိုင်ကို ရေနံအသစ်သုတ်ထား

mgyoe.com  SAMPLE BOOK 

သောကြောင့် ထင်သည်။

အတန်းရှေ့ကို ငေးကြည့်ရင်း ကျောက်သင်ပုန်းရှေ့တွင် ဆရာ၊ ဆရာမများကို တစ်ယောက်ပြီးတစ်ယောက် မြင်ယောင်မိသည်။ ဆရာ၊ ဆရာမတို့ သင်ကြားခဲ့သော ဟန်ပန်များကိုလည်း သတိတရ မှတ်မိနေ၏။ တချို့ ကျောင်းပြောင်းကုန်ကြပြီ။ တချို့လည်း အငြိမ်းစားယူကုန်ကြပြီ။ တချို့လည်း ဒီကျောင်းမှာပင် ရှိနေဆဲ။ ကိုယ့်ဆရာ၊ ဆရာမများကို မေ့လျော့နေမိခဲ့သည့်အတွက် ဝမ်းနည်းသည်။ စာမေးပွဲနောက်ဆုံးနေ့ကျလျှင် ကျောင်းမှာ ရှိနေသေးသော ကိုယ့်ဆရာ၊ ဆရာမများကို လိုက်လံနှုတ်ဆက်မည်ဟု ဆုံးဖြတ်လိုက်သည်။

အမှတ်တမဲ့များကို တွေးနေရာမှ သတိရသောအခါ ကျွန်တော့်ဘေးမှာ ပွင့်ကောင်း မရှိတော့။ သူသည် အလယ်ခုံတန်းများအနီးတွင် ရပ်နေသည်။ အေးငယ် ထိုင်ခဲ့သော နေရာကလေးကို တွေတွေကြီးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ တော်တော်သည်းတဲ့ကောင်။ ခဏနေရင် အေးငယ်လည်း စာမေးပွဲ လာဖြေတော့ တွေ့ရမှာပဲဟာ။

***

စာမေးပွဲ စတုတ္ထနေ့။

ခင်စန်းတို့ ဓာတုဗေဒသမားတွေအတွက် စာမေးပွဲနောက်ဆုံးနေ့။ ကျွန်တော်တို့ ဒဿနိကဗေဒတွေက မနက်ဖြန်တစ်ရက် ကျန်သေးသည်။ ကျွန်တော့်အတွက် နက်ဖြန်တစ်ရက် ဖြေဖို့ကျန်တာ၊ မကျန်တာက အရေးမကြီး။ ခင်စန်းတို့အတွက် နောက်ဆုံးနေ့ဖြစ်ခြင်းက အရေးကြီးသည်။

ဒီနေ့ ကျွန်တော်တို့ '၃၀၅' မေးခွန်းဖြေရသည်။ သင်္ချာ၊ ယုတ္တိဗေဒ။ သုံးပုဒ်တိတိ ဖြေနိုင်သည်။ ဒီမေးခွန်းသည် အများကြီး ရေးစရာမလို။ သင်္ချာသင်္ကေတတွေ ပါသောကြောင့် တိုတိုတုတ်တုတ် ဖြေရသည်။ သင်္ကေတများဖြင့် ပြထားသောပုစ္ဆာများကို မှန်၊ မှားတွက်ချက်၍ ရှေ့နောက် ညီ၊ မညီ စစ်ဆေးပေးရ၏။ ထို့ကြောင့် အစောကြီးကတည်းက ဖြေလို့ပြီးနေသည်။ သို့ရာတွင် အတန်းအပြင်သို့ မထွက်ဘဲ နေလိုက်၏။ ကျွန်တော့်မှာက ကိုယ့်အကြံနှင့်ကိုယ်။ လွယ်အိတ်ထဲတွင် စက္ကူဖြူဖြူ သန့်သန့်ကလေးဖြင့် သပ်ရပ်စွာ

mgyoe.com

m g y e e . c o m SAMPLE BOOK


ဖုံးထားသော စာအုပ်တစ်အုပ် ပါသည်။ ကျွန်တော်ကဲ့သို့ တက္ကသိုလ်ကျောင်းသားတစ်ယောက်သည် စာအုပ်ကို အဖုံးဖုံး၍ သပ်သပ်ရပ်ရပ် မကိုင်တတ်ကြောင်း၊ သိကြမည်ဆိုလျှင် အကြံအစည်ကို ရိပ်မိနိုင်ပါသည်။ စာအုပ်အဖုံးကြားတွင် စာတစ်စောင် ပါသည်။ ခင်စန်းကို ပေးဖို့။

'ဟင်… တက္ကသိုလ်ကျောင်းသားလည်း ဆိုသေးတယ်၊ စာအုပ်ကြားထဲမှာ စာထည့်ပေးတဲ့အဆင့်ပဲ ရှိသေးသလား၊ တုံးလိုက်တာ' ဟု အထင်သေးကြလျှင်လည်း မတတ်နိုင်ပါ။ ပါးစပ်က ပြောဖို့ မဆိုထားနှင့်၊ ခုလို စာအုပ်ကြားထဲ ညှပ်ထည့်ပေးလိုက်ဖို့ကိုပင် တော်တော်စွန့်စား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

စာမေးပွဲပထမနေ့ကတည်းက ထိုစာကို (စာအုပ်ကို) ပေးဖို့ ကြံခဲ့သည်။ အထ မမြောက်ခဲ့ပါ။ ပထမနေ့ မနက်က ပွင့်ကောင်းနှင့်အတူ ဆယ်တန်းတုန်းက အခန်းထဲ သွားနေသောကြောင့် ခင်စန်းအလာကို မတွေ့လိုက်ရ။ စာမေးပွဲပြီးတော့လည်း သူငယ်ချင်းတွေနှင့် တရုန်းရုန်းဖြစ်နေသောကြောင့် အခွင့်မသာ။ ဒုတိယနေ့က စာမေးပွဲအချိန်မတိုင်မီ တစ်နာရီလောက် စောလာ၍ ကျောင်းရှေ့ ဝင်းတံခါးနားက အုတ်ခုံမှာ သွားထိုင်စောင့်သည်။ ပွင့်ကောင်းကား အေးငယ်နှင့်အတူ အခန်းတစ်ခုထဲမှာ စာသွားကျက်နေသည်ဟု ဆို၏။ ကျွန်တော်တစ်ယောက်တည်း။ သို့ရာတွင် ခဏကြာသောအခါ သူတော်စိန်ရောက်လာသည်။ ကျွန်တော်သည် စိတ်ပျက်လက်ပျက် ဖြစ်သွားရလေသည်။

"ဟော့ကောင် သူတော်စိန်၊ မင်းက နေ့လယ်မှ ဖြေရမှာ မဟုတ်လား၊ ခု ဘာလာလုပ်တာလဲ"

"စာမေးပွဲမဖြေခင် မင်းတို့ စာကျက်မယ်ဆိုတာသိလို့ လာနှောင့်ယှက်တာ"

"လုပ်မနေနဲ့ သူငယ်ချင်း၊ စာကျက်ချင်ရင်တောင်မှ ကျက်စရာမရှိဘူး"

"ဟဲ… ဟဲ၊ ဒါဆိုရင်လည်း လက်ဖက်ရည်ဆိုင် သွားရအောင်၊ ငါ တိုက်ပါ့မယ်"

မသောက်ချင်ဘူး ဆိုလျှင်လည်း သူကတော့ ထထွက်သွားမည်မဟုတ်။ သူရှိနေလျှင် ဟိုကိစ္စကို ဘယ်လိုမှ လုပ်လို့ မဖြစ်ပါ။ လူအများမသိစေချင်သော ကိစ္စတစ်ခုကို သူတော်စိန်ရှေ့မှာ မလုပ်သင့်ကြောင်း ပြောခဲ့

m g y e e . c o m

mgyoe.com SAMPLE BOOK

ပြီးပါပြီ။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်သို့ လိုက်သွားရသည်။ ထိုနေ့ကလည်း အထမမြောက်ခဲ့။

တတိယနေ့က '၃၀၄' မေးခွန်း ဖြေရသည်။ ကိုယ်ကျင့်တရားပညာ။ နှစ်ပုဒ်ပဲ ဖြေနိုင်၏။ အစောကြီးကတည်းက ပြီးနေသည်။ အကြံတစ်ခုရသည်။ စာမေးပွဲခန်းထဲက စောထွက်မည်။ ပြီးတော့ ခင်စန်းတို့ဖြေရသော အခန်းနား က ဝရန်တာမှာ မယောင်မလည်စောင့်မည်။ ခင်စန်းသည် အချိန်စေ့မှ စာမေးပွဲ ခန်းထဲက ထွက်မည်ကို သိပါသည်။ ထိုမှ အထွက်နှင့် တခြားသူငယ်ချင်းတွေ နှင့် ပြန်မဆုံမိခင် စပ်ကူးမပ်ကူး ကြားကာလကလေးတွင် အထမြောက်အောင် ကြံမည်။ နည်းနည်းတော့ လျှို့ဝှက်သည်းဖိုဆန်သည်။ စွန့်စားရမည်။

အဖြေစာရွက်ကိုအပ်ပြီး အပြင်ထွက်လိုက်သည်။ စာမေးပွဲပြီးရန် နာရီဝက် လိုသေးသည်။ ခင်စန်းတို့အခန်းသည် တစ်ခန်းကျော်မှာ ရှိသည်။ ဖြည်းဖြည်းချင်းလျှောက်ရင်း တစေ့တစောင်းကြည့်သည်။ စာမေးပွဲကို စိတ် ဝင်စားစွာ ဖြေဆိုနေသော ခင်စန်းကို တွေ့ရသည်။ သူ ကျွန်တော့်ကို သတိ ထားမိမည် မဟုတ်။ ခုနေ ခင်စန်းလွယ်အိတ်ထဲကို စာအုပ်ထည့်ခဲ့ရင် ကောင်း မလားဟု စဉ်းစားမိသည်။ သို့ရာတွင် လွယ်အိတ်ထဲက ပစ္စည်းတစ်ခုခု အလစ် သုတ်ပါတယ်ဟု သူများတွေ ထင်သွားလျှင် ပြဿနာရှုပ်ကုန်မည်။ ပြီးတော့ လည်း ဒီလို ခိုးကြောင်ခိုးဝှက်လုပ်ရလျှင်၊ ကျွန်တော့်အရွယ်၊ ကျွန်တော့်ပညာ အရည်အချင်းနှင့်ဆိုလျှင် သိက္ခာကျဖွယ် ဖြစ်သည်။

တစ်နေရာတည်းမှာ ကြာရှည်ရပ်နေဖို့လည်း မကောင်းသောကြောင့် ဆက်လျှောက်လာခဲ့ရသည်။ ထိုစဉ်မှာပင် လှေကားမှ တက်လာသော ဆရာ တင်ထွန်းနှင့် ပက်ပင်းတိုးမိလေတော့သည်။ ဆယ်တန်းတုန်းက ဓာတုဗေဒ ဆရာ။

"ဟေ့ကောင် လူလတ်"

"ဟာ... ဆရာ၊ မင်္ဂလာပါ"

"ပြီးပြီလား၊ စောလှချည်လား" ဟု ဆိုပြီးလျှင် ဒူးယားတစ်လိပ် ထုတ်ပေးသည်။ မီးခြစ်ကိုထုတ်၍ မီးညှိပေးသည်။ ဆယ်တန်းတုန်းကဆိုလျှင် ဆရာရှေ့မှာ ဆေးလိပ်သောက်ဖို့ မပြောနှင့်၊ ဆရာမျက်နှာကိုပင် စေ့စေ့ကြည့် ၍ စကားမပြောရဲပါ။ ခုတော့ ဆရာကိုယ်တိုင်ကပင် ဆေးလိပ်ထုတ်တည် သည်။ ဆရာသည် ကိုယ့်တပည့်များ၏ အသက်အရွယ်ကိုလိုက်၍ ဆက်ဆံ

mgyoe.com

mgyoe.com SAMPLE BOOK

တတ်လေသည်။ ဤသည်ပင် ဆရာများနှင့် ဆရာမများ မတူညီသော အချက်လား မသိ။

"နေပါဦး၊ မင်းက ဘယ်သူ့ စောင့်နေတာလဲ"

ဆရာက ပြုံးစိစိလုပ်ရင်း မေးသည်။ ကျွန်တော်သည် ရုတ်တရက် မလုံမလဲဖြစ်သွားပြီးမှ ချက်ချင်း ဣန္ဒြေဆည်၍-

"ဘယ်သူ့မှ မစောင့်ပါဘူး ဆရာ"

"မသိဘူးလေ၊ ဆရာက ပွင့်ကောင်းလိုများလားလို့"

"ဟာ... ဆရာကလည်း၊ မဟုတ်ပါဘူး"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူရယ်သည်။ ဆရာက-

"အေးကွ၊ ဒါဆိုရင်လည်း အောက်က ဆင်ဝင်အောက်မှာ သွားနေ၊ စာမေးပွဲဖြေပြီးထွက်လာတဲ့ ကျောင်းသားတွေ စာမေးပွဲခန်းနားမှာ ရပ်မနေရဘူးလို့ အမိန့်ထုတ်ထားတယ်ကွ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော် အောက်ထပ်သို့ ဆင်းလာခဲ့ရလေသည်။ ထိုနေ့ကလည်း အကြံအစည် မအောင်မြင်ချေ။

ထို့ကြောင့် ဒီနေ့တော့ မဖြစ်ဖြစ်အောင် ပေးမယ်ဆိုပြီး စာမေးပွဲခန်းထဲမှာ ပေ၍ ထိုင်နေလိုက်သည်။ အချိန်စေ့ခေါင်းလောင်းထိုးတာနဲ့ ထွက်မည်၊ ခင်စန်းတို့ အခန်းရှေ့က စောင့်မည်၊ ခင်စန်းထွက်လာလျှင် ငှားထားသော စာအုပ် ပြန်ပေးသလိုလို ဘာလိုလို လုပ်ပြီး ပေးမည်။

ကျောင်းက ဦးမိုးကောင်း သံချောင်းခေါက်မည့်အချိန်ကို စောင့်မျှော်ရသည်မှာ မောပန်းဖွယ်ပင် ဖြစ်သည်။ ခုချိန်သာ စာမေးပွဲဖြေနေတုန်းဆိုလျှင် ကုန်လွယ်လိုက်မယ့်အချိန်တွေ။ သိပ္ပံနည်းအရ တိကျစွာ သတ်မှတ်ထားသော စက္ကန့်၊ မိနစ်၊ နာရီတို့ကို စိတ်အလိုဆန္ဒသည် ချုံ့နိုင်၊ ချဲ့နိုင်ခြင်းမှာ အံ့ဩဖွယ်။

"ဒေါင်... ဒေါင်... ဒေါင်... ဒေါင်..."

သိတယ် မဟုတ်လား၊ သံချောင်းခေါက်သံလေ။ ထိုအသံသည် ဖြေလို့မပြီးသေးသူများအဖို့ အလန့်တကြား ဖြစ်ဖွယ်ရှိသော်လည်း ကျွန်တော့်အတွက်မူ ဝမ်းမြောက်ဖွယ် အသံ။

အဖြေစာရွက်ကို လာသိမ်းသည်အထိ မစောင့်တော့ဘဲ အခန်းအပြင်သို့ ထွက်လာခဲ့သည်။ လွယ်အိတ်ထဲက စာအုပ်တွေ ပျောက်၊ မပျောက် စစ်ဆေး

mgyoe.com

သလိုလိုလုပ်ရင်း ခင်စန်းတို့ အခန်းဘက်သို့ ကြည့်သည်။ ခင်စန်းထွက်လာသည်ကို တွေ့ရသည်။ သူသည် မေးခွန်းစာရွက်၊ ပေတံ၊ ခဲတံ၊ ဖောင်တိန်တို့ကို လွယ်အိတ်ထဲသို့ ပြန်ထည့်နေ၏။ အခွင့်အရေးကို လက်လွတ်ခံလို့ မဖြစ်။ ဝင်ရောက်လာသော ကြောက်စိတ်ကို အတင်းနှင်ထုတ်ပြီး သူရှိရာသို့ လျှောက်လာခဲ့သည်။ ရဲစိတ်ရဲမာန် သွင်းထားသော်လည်း၊ ကျွန်တော့်ရင်ခုန်သံသည် ကျောင်းသား၊ ကျောင်းသူတို့၏ခြေသံများကိုပင် တစ်ချက်ချက်လွှမ်းသွားသည်ဟု ထင်၏။ လွယ်အိတ်ထဲက စာအုပ်ကို အသင့်ထုတ်ကိုင်ထားရန် နှိုက်လိုက်စဉ်မှာပင်–

"ဟဲ့ကောင်… ငလတ်"

ဟိုက်… ကိုယ်ကျိုးနည်းပါပြီ။ ဦးနှောက်ထဲတွင် သံမှိုနှင့် နှက်ထားသလို မှတ်မိနေသောအသံ။ ခြေလှမ်းသည် တုံ့ခနဲ ရပ်သွား၏။ ငယ်ကြောက်ဖြစ်သောကြောင့် ချာခနဲ လှည့်ပြီးသား ဖြစ်နေသည်။ အခန်းဝမှာ ရပ်နေသူမှာ ခုနစ်တန်းတုန်းက အတန်းပိုင်ဆရာမ ဒေါ်သန်းညွန့်။

"ဟင်… ဆရာမ၊ မင်္ဂလာပါ"

"ဘာ ခုမှ မင်္ဂလာပါလဲ၊ ခုနကတော့ မမြင်ချင်ယောင်ဆောင်သွားပြီးတော့"

"ဟာ… မဟုတ်ပါဘူး ဆရာမရယ်၊ ကျွန်တော် တကယ်မမြင်တာပါ၊ ဆရာမက ဒီနေရာမှာ တာဝန်ကျတာလား၊ ဟိုနေ့တွေက ကျွန်တော် လိုက်ရှာသေးတယ်၊ ဆရာမကို တွေ့ချင်လို့"

ဆရာမသည် နည်းနည်းကျေနပ်သွားပုံ ရသည်။

"မင်း ငယ်ရုပ် သိပ်မပျောက်လို့သာ ငါမှတ်မိတာ၊ ဟင်း… နင့်ဆံပင်ကြီးက"

ကျွန်တော့်ဆံပင်ကို သုံးခါလောက် ဆောင့်ဆွဲသည်။

"နင်က လူကြီးပုံဖမ်းနေလို့သာပေါ့ဟယ်၊ အရင်ကလိုသာ ငါ့အတန်းထဲကဆိုရင် ဒီဆံပင်ရှည်ကြီးကို ငါကိုယ်တိုင် ညှပ်ပစ်တယ်"

ကျွန်တော် ရယ်ကျဲကျဲ လုပ်နေရသည်။ ခင်စန်းရှိရာသို့ မသိမသာ ခိုးကြည့်သောအခါ ခင်စန်းသည် သူ့သူငယ်ချင်းနှင့် စကားပြောနေသည်ကို တွေ့ရသည်။ ဆရာမကား စကားကို ဆက်နေပြန်သည်

"သိန်းထွန်းတစ်ယောက်ရော၊ အရင်လို ပေါချာချာပဲလား"

mgyoe.com

m g y o e . c o m SAMPLE BOOK


"စုစုတို့နဲ့ ရန်ဖြစ်ကြတုန်းပဲလား"

"လှဝင်းကြီးရော အိမ်က ထွက်ပြေးသေးလား"

"ဟိုအကောင် မွတ်တရား၊ သူ့နာမည်ရင်းက ဘယ်သူ၊ အေး၊ မြင့်ဝင်း၊ ဟုတ်ပြီ၊ သူ မိန်းမ ရနေပြီဆို၊ တော်တော်အာကျယ်တဲ့ကောင်"

စသည်ဖြင့် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေလေသည်။ ကျွန်တော်သည်လည်း 'ဟုတ်ကဲ့'၊ 'ခုလည်း ဒီအတိုင်းပဲ'၊ 'မဖြစ်တော့ပါဘူး' ဆိုပြီး အလိုက်အထိုက် ပြန်ပြောနေရသည်။ ဆရာမနှင့် ပြန်တွေ့ရသဖြင့် အလွန်ဝမ်းသာပါသည်။ သို့ရာတွင် ဖြောင့်ဖြောင့်တန်းတန်း ဝမ်းမသာနိုင်။ ကျွန်တော့်စိတ်သည် ခင်စန်းဆီသို့ ရောက်ရောက်နေသည်။

"ကဲ… ကဲ၊ သွားတော့" ဆိုသောအသံကို ကြားသည်နှင့် ဝမ်းမြောက်စွာ သုတ်ခြေတင်ခဲ့သည်။ စောစောတုန်းက နေရာမှာ ခင်စန်းမရှိတော့ချေ။ အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ ဒီနေ့အဖို့ ဟိုစာအုပ်ပေးရန် မဖြစ်နိုင်တော့ကြောင်း သိပါသည်။ မျက်နှာကလေးကိုပင် မြင်ရဆိုပြီး ဆင်းလာခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကျောင်းဆင်ဝင်အောက်သို့ ရောက်သောအခါ သူ့ကို အရိပ်အယောင်မျှပင် မမြင်ရတော့။ တိုင်ကိုမှီရင်း စပ်ဖြဲဖြဲကြည့်နေသော ပွင့်ကောင်း၏မျက်နှာကြီးကိုသာ စိတ်ပျက်စဖွယ် တွေ့လိုက်ရလေသည်။ ကျောင်းပြန်ဖွင့်သည့်တိုင် စောင့်ပေဦးတော့။

ပွင့်ကောင်းကို စကားမပြောနိုင်သေးဘဲ ကျောင်းဝင်းဝဘက်သို့ လှမ်းမျှော်ကြည့်သည်။ သူ့နောက်ကျောကလေးကိုများ မြင်ရမလားလို့၊ သို့ရာတွင် မတွေ့ရ။

ကျွန်တော်၏စိတ်ထဲတွင် ဟိုယခင် ဆယ်တန်းတုန်းက အကျႌအဖြူလက်တို၊ ထဘီစိမ်းစိမ်းကလေးဖြင့် ခေါင်းကလေးကို စောင်းငဲ့ရင်း ဆတ်တောက်ဆတ်တောက် လျှောက်ဝင်လာတတ်သော ခင်စန်း၏ပုံသဏ္ဍာန်ကလေးကို တရေးရေး မြင်ယောင်နေမိလေ၏။

***

အောင်စာရင်းထွက်သည်။

အားလုံးအောင်ကြကြောင်း ပြောဖို့ပင် မလိုပါ။ ထို့အတူ ကျွန်တော်

mgyoe.com SAMPLE BOOK

တို့အုပ်စု မည်သူမျှ ဂုဏ်ထူး၊ အထူးအောင် စသည်ဖြင့် မပါဝင်ကြကြောင်းကိုလည်း ပြောဖို့ မလိုပါ။ ခင်စန်းများ အောင်စာရင်း လာကြည့်ဦးမလားလို့ မြို့နယ်ကောင်စီရုံးမှာ သွားစောင့်သေးသည်။ သူ့အဖေကြီးကိုယ်တိုင် လာကြည့်သွားသည်ကို တွေ့လိုက်ရသောကြောင့် လက်လျှော့လိုက်ရသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

--၄--

ညရှစ်နာရီထိုးတိုင်း ရေဒီယိုမှ သတင်းကြေညာချက်ကို ဂရုတစိုက် နားသောတဆင်သည်။ ကျောင်းပြန်ဖွင့်တဲ့သတင်းများ ပါလာမလားလို့။ လက်ရှိအခြေအနေအရ သူ့အိမ်သို့ သွားရောက်လည်ပတ်ရန် မဖြစ်နိုင်ပါ။ အကြောင်းပြစရာကလည်း ဘာမျှ မရှိတော့။ ပွင့်ကောင်းနှင့်မော်ဆရာတို့က 'အကြောင်းပြနေစရာ မလိုပါဘူးကွာ၊ အလည်သက်သက် လာတာပဲလို့ ပြောပြီး သွားပေါ့' ဟု အားပေးကြသော်လည်း ကျွန်တော် မသွားရဲ။

ကျွန်တော်သည် မိန်းကလေးများနှင့် စကားပြောရမည်ကို ရှက်တတ်ပါသည်။ အမေက ကျွန်တော်တို့အတွက် အစ်မ၊ နှမများ မွေးမပေးခဲ့ပါ။ အိမ်မှာဆိုလျှင် ယောကျ်ားကလေးတွေချည်း။ ထို့ကြောင့် ကျွန်တော်တို့နှင့် ပတ်သက်၍ အိမ်ကို လာလည်ကြသော သူငယ်ချင်းများမှာလည်း ယောကျ်ား ကလေးချည်း ဖြစ်ကြ၏။ ကျွန်တော့်အဖို့ မိန်းကလေးတွေနှင့် စကားပြောဆို ဆက်ဆံသော အလေ့အကျင့်နည်းပါးသည်။ ကျောင်းမှာ မိန်းကလေးတွေရှိ သော်လည်း သိပ်အရောတဝင် မနေခဲ့။ မိစုတို့နှင့် စကားပြောဖြစ်သော်လည်း အာလာပသလ္လာပ စကားမျိုး မဟုတ်ချေ။ အပြောင်၊ အနောက်၊ အထေ့အငေါ့ နှင့် ငြင်းစကားများသာ။ ယခုအခါ ကျွန်တော် အသက်လောက် ချစ်နေပါ သည်ဆိုသော ခင်စန်းကိုပင် ဟိုယခင်အခါဆီက စကားငါးခွန်းပြည့်အောင်

mgyoe.com

mgyoe.com
SAMPLE BOOK


မပြောခဲ့ဖူးပါဟု ရှေ့က ဆိုခဲ့ပြီးပါကော။ စိတ်ကူးထဲ၌ ခင်စန်းသည် ကျွန်တော်၏ဇနီးသည် ဖြစ်နေလောက်အောင် ရင်းနှီးနေပြီ ဖြစ်သော်လည်း၊ လက်တွေ့အခြေအနေတွင်မူ ရင်းနှီးကျွမ်းဝင်မှုရအောင် ပြန်လည်၍ ကြိုးစားနေရဆဲသာ ဖြစ်သည်။ သူ့အိမ်သို့ သွားမလည်ရဲသောအခါ သူ့အိမ်ရှေ့မှ ဖြတ်လျှောက်ခြင်းကို ပြုလေ၏။ ဒီတော့ ပန်းခြံထဲဆင်းပြီး နှင်းဆီပန်းကလေးတွေ ခူးနေသော ခင်စန်းနှင့် တွေ့ရောဟု ထင်လျှင် မှားပါလိမ့်မည်။ ကျွန်တော် ဖြတ်လျှောက်သော အချိန်မှာ ည လူခြေတိတ်ချိန်သာ ဖြစ်ပါသတည်း။

ညဘက် ဆယ်နာရီလောက်တွင် ပွင့်ကောင်းနှင့်မော်ဆရာကို ခေါ်ပြီး သူတို့အိမ်ရှေ့မှ ဖြတ်ဖြတ်လျှောက်ပါသည်။ သူတို့အိမ်မှာ တစ်ခါတစ်ရံ မီးမှိတ်ထားပြီး တစ်ခါတစ်ရံ မီးဖွင့်ထားပါသည်။ ပြတင်းမှန်တွင် လူရိပ်လိုလို မြင်လျှင် သူများ ဖြစ်နေမလားလို့ မချင့်မရဲ လှမ်းကြည့်ရသေးသည်။ တစ်ခါကတော့ ပွင့်ကောင်း မြှောက်ပေးသောကြောင့် သီချင်းတစ်ပိုင်းတစ်စကို မရဲတရဲ ဆိုမိသည်။ ဓာတုဗေဒကျောင်းသူဖြစ်သော ခင်စန်းကို ရည်ညွှန်း၍ 'တိမ်ဦးလေပြည် ... လွမ်းငွေ့ကိုစေ ... ဖော်မစုံကျွမ်း လွမ်းစိတ်တွေပွေ၊ ချစ်တဲ့သူ ဓာတုကလျာဆွေ ... လွမ်းရတဲ့ဖြစ်အင် ထင်မြင်မိပေမယ့်' ဆိုသော နတ်သျှင်နောင်သီချင်း။

ထိုအဖြစ်အပျက်ကလေးများသည် နောင်တစ်ချိန် ခင်စန်းနှင့် ကျွန်တော် ချစ်သူတွေဖြစ်လာကြလျှင် ရယ်စရာ မောစရာအဖြစ် ပြန်ပြောပြရလျှင် အလွန်အရသာရှိလိမ့်မည်ဟု မျှော်လင့်ထားပါသည်။

ဘယ်လိုပင် ဘယ်လိုပဲ ဖြစ်ဖြစ် လောလောဆယ်မှာတော့ ကျောင်းပြန်ဖွင့်မည့်ရက်ကို စောင့်ရတာ ဆွေး။ 'နီးရက်နှင့် ဝေးနေကြရသော ချစ်သူများ ပြန်လည်ဆုံစည်းရန်အတွက်၊ တက္ကသိုလ်နှင့်ကောလိပ်များကို အမြန်ဆုံး ပြန်ဖွင့်ရန် ပညာရေးဝန်ကြီးဌာနသို့ ကျွန်ုပ်တောင်းဆိုလိုက်သည်' ဆိုပြီး စာတစ်စောင် တင်ဖို့ပင် စိတ်ကူးမိသေးသည်။

***

ကျောင်း ပြန်ဖွင့်ပြီ။ တကယ်ပြောတာ။ ရေဒီယိုမှ အမှန်တကယ်ကြေညာခြင်း ဖြစ်ပါသည်။ '...စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ

mgyoe.com

mgyobe.com SAMPLE BOOK

တက္ကသိုလ်တို့ကို ဇန်နဝါရီလ ခြောက်ရက်နေ့တွင် လည်းကောင်း…' ဟု ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ထိုင်နေရာမှ ခုန်၍ ထလိုက်တော့သည်။ အဝတ်အစားပင် မလဲတော့ဘဲ ငွေငါးကျပ်နှင့် အကြွေများကိုယူပြီး ပွင့်ကောင်း၏အိမ်သို့ ထွက်လာခဲ့သည်။

"ပွင့်ကောင်းရေ… ဟေ့ကောင် ပွင့်ကောင်း"

အိမ်ထဲမဝင်ခင်ကပင် အော်၍လာခဲ့သည်။ အိမ်ရှေ့ခန်းရှိ ပက်လက်ကုလားထိုင်ပေါ်တွင် မှိန်းနေသော ပွင့်ကောင်းကို တွေ့ရ၏။ စောစောက ကျွန်တော် အော်ခေါ်နေတာ သူ ကြားဟန်မတူ။

"ဟေ့ကောင် ပွင့်ကောင်း" ဟု ထပ်ခေါ်လိုက်တော့မှ သူ ဆတ်ခနဲ လှည့်ကြည့်သည်။ "ဟင်အင်" ဆိုပြီး ခေါင်းထောင်ကြည့်သည်။ ကျွန်တော်က အလောတကြီး ပြောလိုက်၏။

"ကျောင်းဖွင့်တော့မယ်ကွ၊ နောက်လ ခြောက်ရက်နေ့"

"ဟေ… အိမ်း"

ပွင့်ကောင်းသည် ရုတ်တရက် အံ့သြသွားဟန်၊ ဝမ်းသာသွားဟန်တို့ကို မပြချေ။ ကျွန်တော်က ဝမ်းသာအယ်လဲ လာပြောတာကို သူ၏တုံ့ပြန်ချက်က အားရဖွယ် မရှိသောကြောင့် အောင့်သက်သက် ဖြစ်သွားရသည်။ သူသည် ပက်လက်ကုလားထိုင် နောက်မှီပေါ်သို့ ခေါင်းကို လေးလေးကြီး မှီချလိုက်သည်။ ပြက္ခဒိန်ကို ငေးကြည့်နေပြန်သည်။ ကျွန်တော် အားမလို အားမရ ဖြစ်လာပြီး သူ့ကို တစ်ခုခုပြောမည် ကြံလိုက်စဉ်-

"အေး… ကောင်းတယ်၊ ကောင်းတာပေါ့ကွာ"

သူ ပြောပုံမှာ အေးစက်စက်နိုင်လွန်းလှသည်။

"မအေပေး၊ မင်း သောက်ပုံက ဘာဖြစ်နေတာလဲ၊ ကျောင်းဖွင့်တာကို မင်း မပျော်ဘူးလား"

"ပျော်တော့ ပျော်တာပေါ့ကွာ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒါပေမဲ့ ကျောင်းက ခြောက်ရက်နေ့မှ ဖွင့်မှာကွ၊ အဝေးကြီး လိုသေးတယ်၊ ငါက နက်ဖြန်လောက် ပြန်ဖွင့်စေချင်တာ၊ အေးယဉ်နဲ့ တွေ့ချင်လှပြီကွာ"

ပွင့်ကောင်းက တဟားဟား ရယ်နေသည်။ ခုမှပင် ဒီကောင်

mgyoe.com


ကျွန်တော့်ကို အကြောင်းရိုက်နေမှန်း သိလိုက်ရသည်။ သူ ဆက်ပြော၏။

"လူလတ်ရာ၊ ငါလည်း သတင်းကြေညာတာကို ညတိုင်း နားထောင်တာပါကွ၊ ကျောင်းပြန်ဖွင့်မယ့်သတင်းကို ငါလည်း သိပြီးပါပြီ၊ မင်း လာပြောပုံက တစ်ခါတည်း အပြေးအလွှား မောကြီးပန်းကြီးနဲ့၊ မျက်နှာကလည်း ပြုံးပြီးတော့ ဖြဲနေတာပဲ၊ ဒါကြောင့် မင်းကို အကြောင်းရိုက်တာ"

"ဒါဖြင့် မင်းလည်း ပျော်တာပေါ့"

"မပျော်ဘဲ နေပါ့မလားကွာ၊ အချစ်နဲ့ ပြန်တွေ့ရတော့မှာပဲဟာ၊ ဘာလဲ··· ဂျာမန်စကားပုံတောင် ရှိသေးတယ်"

"ဘာတဲ့လဲကွ"

"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော တဲ့"

"အမယ်၊ ဂျာမန်ဘာသာကလည်း ပါဠိလိုလို ဘာလိုလိုနဲ့၊ အဲဒီစကားပုံရဲ့ အဓိပ္ပာယ်က လူမိုက်ကို မပေါင်းသင်းရာတဲ့၊ ဟုတ်တယ် မဟုတ်လား"

"ချီးတဲ့မှပဲ၊ ချစ်သူနှင့် ကွေကွင်းရခြင်းသည် ဒုက္ခပါကွ"

"အေးပါ၊ ငါ သိပါတယ်၊ နောက်တစ်ခုရှိသေးတယ်၊ ရှုရှုစကားပုံကွ၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခောတဲ့"

"အဓိပ္ပာယ်က မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖက်ရခြင်းသည် ဒုက္ခတဲ့၊ ဒီတော့ မင်းနဲ့ငါ မပေါင်းတော့ဘူး"

"နေပေါ့ကွ၊ ငါက မင်းကို လက်ဖက်ရည်တိုက်မလို့ လာခေါ်တာ"

"ဒါဆိုလည်း ပြန်ပေါင်းထုပ်ကြရအောင်ကွာ"

"ကဲ··· ထကွာ၊ မော်ဆရာကို သွားခေါ်ရအောင်"

မော်ဆရာ၏အိမ်သို့အဝင် မြောင်းကူးတံတားပေါ် ရောက်ကတည်းက သူ့နာမည်ကို အော်ခေါ်လိုက်သည်။ မော်ဆရာ ဆင်းလိုက်လာသည်။ ကျွန်တော်တို့ လာခေါ်မည်ဟု ထင်သောကြောင့် အဆင်သင့် စောင့်နေဟန်တူ၏။

"မော်ဆရာ၊ မင်း သိပြီးပြီလား၊ ကျောင်းဖွင့်တော့မယ်"

ကျွန်တော်က ပွင့်ကောင်းထက် ဦးအောင် ပြောလိုက်သည်။ မော်ဆရာက ခေါင်းညိတ်ပြ၏။ သူ့ပုံစံကလည်း ခုန ပွင့်ကောင်း လုပ်ခဲ့သလိုပင် အေးစက်စက်။ ကျွန်တော် ရယ်ချင်သွားသည်။

"ဟေ့ကောင်၊ လုပ်မနေနဲ့၊ ဒါတွေ ရိုးသွားပြီ"

mgyoe.com

m g y o e . c o m SAMPLE BOOK


"ဘာလဲကွ"

"မင်း ခု အိုက်တင်လုပ်နေတာ မဟုတ်လား"

"ဘာအိုက်တင်လဲ"

"ကျောင်းဖွင့်တာကို ဝမ်းသာရက်သားနဲ့ ဘာမှ မဖြစ်ဟန်ဆောင်နေတာ မဟုတ်လား၊ မရတော့ဘူး ကိုယ်လူ၊ ခုန ပွင့်ကောင်းက လုပ်သွားပြီးပြီ"

"ဟာ... ဘာတွေ ပြောနေတာလဲ၊ ဘာဖြစ်လို့ ဝမ်းသာရမှာလဲ"

မှော်ဆရာက တကယ်ပင် ခပ်တည်တည်ပြောနေသည်။

"ကျောင်းပြန်ဖွင့်ရင် မင်းလည်း မြနဲ့ တွေ့ရတော့မှာပေါ့"

မှော်ဆရာက ခုမှ တစ်ခါ ရယ်သည်။ ပြီးတော့-

"ကျောင်းမဖွင့်ရင်လည်း မြနဲ့ ငါနဲ့ နေ့တိုင်းတွေ့တာပဲ၊ ညနေသူ ရုံးဆင်းရင် ငါ သွားကြိုတာပဲဟာ၊ ငါ့အဖို့ ဘာမှ မထူးပါဘူး၊ တစ်ခုပဲ ထူးတယ်၊ ကျောင်းပြန်ဖွင့်ပြီဆိုရင် ကျောင်းလခကြွေးကျန်တာတွေ ပေးရတော့မှာပဲ"

"ဟိုက်... ဟုတ်သားပဲ၊ ငါလည်း ငွေမသွင်းရသေးဘူး"

ပွင့်ကောင်းက အလန့်တကြား ဝင်ပြော၏။ သူကား အိမ်က ပေးလိုက်သော ကျောင်းလခငွေများကို မသွင်းဘဲ သုံးသုံးပစ်လိုက်တာ ခြောက်လစာလောက် ရှိနေပြီဖြစ်သည်။ တကယ့်တကယ်တော့ ကျွန်တော်သည်လည်း ငွေမသွင်းရသေးပါ။ သို့ရာတွင် ခင်စန်းနှင့် ပြန်တွေ့ရမည့် ကိစ္စနှင့်စာလျှင် ကျောင်းလခကိစ္စသည် အသေးအဖွဲ။ ခဏမျှစကားမပြောနိုင်ဘဲ ဖြစ်သွားကြသော သူတို့နှစ်ယောက်ကို ကျွန်တော်ကပင် စကားစလိုက်ရသည်။

"အဲဒါတွေ ထားလိုက်စမ်းပါကွာ၊ အိမ်ကို ကျောင်းက အကြွေးတောင်းတဲ့စာ ရောက်လာရင် လူကြီးတွေ သိသွားမှာပဲ၊ အဲဒီအခါကျမှ နည်းနည်းပါးပါး အဆူခံလိုက်ပေါ့၊ ပြေလည်သွားမှာပါ"

လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး လက်ဖက်ရည် မှာလိုက်သော အချိန်မှာပင် သူတို့သည် စောစောကကိစ္စကို မေ့သွားကြဟန်တူသည်။ ကျွန်တော်၏အားပေးစကားကြောင့်တော့ မဟုတ်နိုင်ပါ။ 'ဘယ်လိုပင် ဘယ်လိုပဲဖြစ်ဖြစ် ပေးတာတော့ ပေးရမှာပဲ' ဟု စိတ်နှလုံး တုံးတုံးချလိုက်သောကြောင့်လား၊ အခြေအနေအရ အကြောင်းကြောင်းကို ထောက်ထားပြီး ကျောင်းလခများကို

m g y o e . c o m

mgyoe.com

လျှော်ပစ်ကောင်း လျှော်ပစ်လိမ့်မည်ဟု စိတ်သက်သာရာ ရှာလိုက်ကြသော ကြောင့်လား မသိ၊ သူတို့မျက်နှာတွေ သာသာယာယာ ရှိလာကြသောကြောင့် ဟိုကိစ္စအတွက် စကားစရန် အခါအခွင့်သင့်လာသည်။

"အေးကွာ၊ အဲဒါကွာ၊ ကျောင်းပြန်ဖွင့်ရင် ဘာလုပ်ရင်ကောင်းမလဲ"

"ကျောင်းဖွင့်ရင် ကျောင်းတက်ရမှာပေါ့ကွ"

မော်ဆရာက ကျွန်တော့်ဆိုလိုရင်းကို သိလျက်နှင့် စကားလမ်းကို ပြောင်းပစ်သည်။ ပွင့်ကောင်းကလည်း ဒီလို နေရာတွင်တော့ အသွက်။ မော်ဆရာ့စကားကို လိုက်နင်း၏။

"အေး၊ ဟုတ်တယ်၊ ကျောင်းမှန်မှန်တက်ရမယ်၊ စာကြိုးစားရမယ်၊ ပညာရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားသင့်ဘူး"

အတန်ငယ် ညစ်ပတ်သော စကားလုံးဖြင့် သူတို့ကို ဆဲလိုက်သည်။ မော်ဆရာက ပြောသည်။

"မင်းကလည်း အကြောင်းသိ အချင်းချင်းတွေပဲဟာ၊ ခင်စန်းကိစ္စ ဘယ်လို လုပ်ရင် ကောင်းမလဲလို့ ပြောလိုက်ရင် ပြီးတာပဲ"

"အေးကွာ၊ ခင်စန်းကိစ္စ ဘယ်လို လုပ်ရင် ကောင်းမလဲ"

ပွင့်ကောင်းသည် မေးစေ့ကိုပွတ်၍ စဉ်းစားနေပြီး-

"ကျောင်းဖွင့်ရင် ခင်စန်းနဲ့ တစ်ခါ၊ နှစ်ခါလောက် ထပ်တွေ့လိုက်၊ ပိုပြီး ရင်းနှီးမှုရအောင် ကြိုးစား၊ သူတို့အိမ်ကို သွားလည်တုန်းကလို အသေ ကောင်ကြီးပုံမျိုးနဲ့ ဘာမှ မပြောဘဲတော့ မနေနဲ့၊ နည်းနည်းရင်းနှီးလာပြီဆိုရင် အအေးဆိုင်ကလေး ဘာလေး ခေါ်သွားပေါ့"

"သူက လိုက်ပါ့မလားကွ"

"လိုက်မယ် ထင်တယ်၊ ခင်စန်းက ဣန္ဒြေရှိတယ်ဆိုပေမယ့် ရှေးရိုး ဆန်တဲ့ မိန်းကလေးမျိုး မဖြစ်နိုင်ဘူး၊ မင်းနဲ့ အအေးဆိုင်လိုက်လာလို့ သူ့ သိက္ခာထိခိုက်မယ်လို့ ထင်မှာမဟုတ်ဘူး၊ ပြီးတော့လည်း သူတစ်ယောက် တည်းတော့ ဘယ်လိုက်ပါ့မလဲကွ၊ သူငယ်ချင်းတစ်ယောက်လောက်တော့ ပါလာမှာပေါ့"

မော်ဆရာက ဝင်ပြောသည်။ သူပြောတာ ဖြစ်နိုင်သည်။ ခင်စန်း သည် ကျွန်တော့်အပေါ် ပစ်ပစ်ခါခါ ပြုလိမ့်မည်ဟု ကျွန်တော်မထင်၊ ကျောင်း နေဖက် သူငယ်ချင်းတစ်ယောက်ဖြစ်သော ကျွန်တော့်ကို လိုက်လိုက်လျော

mgyoe.com

mgyobe.com SAMPLE BOOK

လျော ဆက်ဆံလိမ့်မည်မှာ သေချာသည်။

"အေးကွာ၊ ဟုတ်တယ်၊ မင်းတို့ ပြောသလိုပဲ"

နောက်ဘက်မှ 'စီခနဲ' အသံတစ်ခု ကြားလိုက်သောကြောင့် စကားကို မဆက်တော့ဘဲ ရုတ်တရက် ရပ်ပစ်လိုက်ရသည်။ ငှက်ဆိုးထိုးသံလိုလို၊ ပုရစ်အော်သံလိုလို လုပ်တတ်သူမှာ ဒီကောင်တစ်ယောက်တည်းသာ ရှိသည်။ သူတော်စိန် လာပြီ။

"ငပေါတွေ ဘာကျိတ်ပြီး ကြံစည်နေတာလဲ"

သူတော်စိန်က ဝင်ထိုင်ရင်း ပြောသည်။ "လက်ဖက်ရည်တစ်ခွက်" ဟု တစ်ဆက်တည်း မှာသည်။ သူ့ကို ခပ်ချဉ်ချဉ်ရှိသောကြောင့် "မင်းနှမကို ခိုးပြေးမလို့ တိုင်ပင်နေတာ" ဟု ပြန်ပြောလိုက်သည်။ သူတော်စိန် အပြတ်ကျွတ်သွားပြီဟု ထင်လျှင် မှားပါလိမ့်မည်။ သူ ပြန်ပြောသောစကားမှာ-

"တကယ်လား၊ ဘယ်တော့လဲ၊ ငါ မသိချင်ယောင်ဆောင်ပြီး ရှောင်နေလိုက်မယ်"

သူတော်စိန်ကား အဲဒီလို အကောင်။ သူ ရောက်လာသောကြောင့် ဟိုကိစ္စကို ဆက်မပြောဖြစ်တော့။ မသဒ္ဓါရေစာ လက်ဖက်ရည်တစ်ခွက်သာ တိုက်လိုက်ရသည်။

"နေပါဦးကွ၊ ခုန မင်းတို့ ဘာပြောနေတာလဲ"

သူတော်စိန်က မေးသည်။ မှော်ဆရာက ပြန်ဖြေသည်။

"ဟိုဟာပါကွာ၊ တို့ကျောင်းတွေ ပြန်ဖွင့်ရင် ကျောင်းလခကြွေးကျန်တာတွေ ပေးရတော့မယ် မဟုတ်လား၊ အဲဒါ"

သူတော်စိန်က မြင်းဟီသံမျိုးဖြင့် ရယ်လိုက်ပြီး-

"ဟီး... ဟီး၊ ဒါများ အထူးအဆန်းလုပ်လို့၊ အားလုံး ဒီလိုချည်းပဲ၊ ငါဆိုရင် စာမေးပွဲကြေးတောင် မသွင်းရသေးဘူး"

***

ကျောင်းပြန်ဖွင့်ဖွင့်ချင်း အရေးတကြီး ပြုလုပ်ရမည့် ကိစ္စတစ်ခု ရှိသည်။ ကျောင်းလခ ကြွေးကျန်ငွေသွင်းဖို့ လုံးဝ မဟုတ်ပါ။ အချိန်စာရင်းကူးဖို့သာ ဖြစ်သည်။ အချိန်စာရင်း ဆိုရာ၌ ကျွန်ုပ်တို့ဌာန၏ အချိန်စာရင်း

mgyobe.com

မဟုတ်ပါ။ ခင်စန်းတို့အတန်း၏ အချိန်စာရင်း။ ပြီးတော့ ခင်စန်းကိုပေးဖို့ စာကိုလည်း လွယ်အိတ်ထဲမှာ အမြဲ ထည့်ထားရမည်ဟု စိတ်ကူးမိသည်။

ကိုင်း… ကျွန်တော့်ဘက်ကတော့ အဆင်သင့်ဖြစ်ပြီ။

❐

mgyoe.com

mgyoe.com SAMPLE BOOK

--၅--

ဓာတုဗေဒဌာန အခန်းအမှတ် S.17 သို့ သွားရာ စင်္ကြံရှိ အုတ်ခုံပေါ်မှာ ကျွန်တော် ထိုင်စောင့်နေသည်။ ခင်စန်းသည် S.E.9 မှ အတန်းပြီးလျှင် ဒီလမ်းအတိုင်းလာပြီး S.17 သို့ ဝင်ရမည်ဟု ခန့်မှန်းထားသော ကြောင့်ဖြစ်ပါသည်။ ခင်စန်း၏ အချိန်စာရင်းသည် ကျွန်တော့်ဆီမှာ ရှိပြီးသား။ ကျောင်းစဖွင့်သည့်နေ့ဖြစ်သော ယမန်နေ့ကပင် သူ့အချိန်စာရင်းကို သွားကူးထားခဲ့သည်။

အချိန်စာရင်းကူးရာတွင် ပြဿနာတစ်ခု တက်သည်။ ဓာတုဗေဒ နောက်ဆုံးနှစ် အချိန်စာရင်းမှာ နှစ်ခု ဖြစ်နေသည်။ တန်းခွဲ တစ်နှင့်နှစ်။ ခင်စန်းသည် ဘယ်တန်းခွဲကဆိုတာ ကျွန်တော်မသိ။ နှစ်ခုစလုံးပင် ကူးလာခဲ့ရသည်။ သို့ရာတွင် ကျွန်တော်နှင့် ခင်စန်းတို့မှာ ဘဝ ဘဝက နဖူးစာပါခဲ့လေသလား မသိ။ တန်းခွဲပြဿနာကို ဖြေရှင်းပေးမည့်သူနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံခဲ့ရသည်။ ဓာတုဗေဒဌာန အပေါ်ထပ်မှ အောက်သို့ ဆင်းအလာ လှေကားထိပ်တွင် သိန်းရွှေကို တွေ့ခဲ့ရခြင်းပင် ဖြစ်သည်။ သိန်းရွှေသည် ဆယ်တန်းတုန်းက ကျွန်တော်တို့နှင့် အတန်းချင်း မတူသော်လည်း လူချင်းသိနေခဲ့သည်။ မတွေ့တာကြာလို့ စကားလေး ဘာလေး ပြောရအောင်ဆိုပြီး လက်ဖက်ရည်ဆိုင်သို့ သူ့ကို ခေါ်လာခဲ့၏။ ခင်စန်းအကြောင်းကို သူ သိလို့ မဖြစ်သေး။ ထို့ကြောင့် ဥပါယ်တံမျဉ်ဖြင့် လှည့်ပတ်မေးရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အရင်ဆုံး တခြား သူငယ်ချင်းတွေအကြောင်း လျှောက်ပြောနေရသည်။ မော်ဆရာက ကြေးနန်းရုံးမှာ အလုပ်လုပ်နေသောကြောင့် လုပ်သားများကောလိပ် တက်နေကြောင်း၊ သူတော်စိန်လည်း လုပ်သားများကောလိပ်မှာပင် ဖြစ်ကြောင်း၊ ပွင့်ကောင်းက ဘူမိဗေဒယူသောကြောင့် သမိုင်းသဘာဝသိပ္ပံတက္ကသိုလ်မှာ တက်ရသော်လည်း အေးငယ်ရှိရာ သင်္ချာဌာနမှာပင် နေ့တိုင်းလိုလို ရှိကြောင်း၊ ပြီးမှ စကားကြုံသလိုလိုလုပ်၍-

"ဒါနဲ့ မင်းက ကယ်မစ်စတြီနော်"

"အေးလေ"

"စက်ရှင် ဘယ်လောက်လဲ"

"တူး"

ကျွန်တော်သည် လက်ဖက်ရည်ကို ကုန်အောင် သောက်လိုက်ပြီး-

"ဟို… မင်းတို့အတန်းထဲမှာ ငါတို့ကျောင်းကလူတွေ ရှိတယ်မဟုတ်လား၊ ဟိုကောင်လေကွာ"

ကျွန်တော်က ချက်ချင်း စဉ်းစားလို့ မရဟန် ပြုလိုက်သည်။ သူက-

"မရှိပါဘူးကွာ၊ ငါတို့အတန်းထဲမှာ တို့ကျောင်းက ထွက်တဲ့လူ တစ်ယောက်မှ မရှိဘူး၊ ဇော်ဝင်းဦးက အိုင်စီမှာ"

ကျွန်တော်သည် 'သြော်… ဟုတ်သားပဲ' ဟု ခပ်ပေါ့ပေါ့ ပြောလိုက်သော်လည်း စိတ်ထဲက တော်တော်ဝမ်းသာနေ၏။ သေချာပြီ။ ခင်စန်းသည် တန်းခွဲတစ်က။ အမယ်၊ သိန်းရွှေတုံးက ကျွန်တော့်အထင်ကို ထပ်ပြီးသေချာစေပြန်သည်။ သူသည် ကျွန်တော့်အကြောင်းကို မရိပ်မိရှာဘဲ ပြောသည်။

"သြော်… စက်ရှင်ဝမ်းမှာတော့ ခင်စန်းရှိတယ်၊ ဆယ်တန်းတုန်းက မင်းတို့အခန်းထဲကလေကွာ"

"ခင်စန်း၊ ခင်စန်း၊ သြော်… မှတ်မိပြီ။ မတွေ့တာ ကြာတော့ မေ့တေ့တေ့ ဖြစ်နေပြီ"

ကိုင်း… မပိုင်လား ခင်ဗျာ။ သိန်းရွှေကတော့ ဘာမျှ မသိလိုက်ရှာဘဲ လက်ဖက်ရည်တစ်ခွက် သောက်ရသဖြင့် ကျေးဇူးတွေ တင်သွားသေးသည်။

***

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းကလေးတစ်သိုက် စကားဆူညံစွာပြောရင်း လျှောက်လာသော ကြောင့် ခင်စန်းများ ပါမလားလို့ ကြည့်သည်။ မဟုတ်ပါ။ S.17 ထဲ ဝင် သွားကြသောကြောင့် ခင်စန်းတို့အတန်းက ဖြစ်ကြောင်း သိလိုက်ရ၏။ အတန်း တစ်ချိန်နှင့် တစ်ချိန်ကြားတွင် ဆယ်မိနစ်လောက်သာ အနားရသည်။ S.E.9 နှင့် S.17 သည် အတန်ငယ် လှမ်းသောကြောင့် ထိုနှစ်ခန်း တစ်ခန်းနှင့်တစ်ခန်း အကူးကြားတွင် ဟိုဟိုဒီဒီ ဝင်နေလို့ မဖြစ်၊ အိမ်သာဝင်ဖို့ အချိန်ပင် မရဟု ထင်သည်။ မိန်းကလေးတို့သည် အိမ်သာဝင်လျှင် ကြာတတ်သည် မဟုတ် လား။ ဘာကြောင့် ကြာရကြောင်းကို ကျွန်တော် မသိရိုး အမှန်ပါ (နောက် ပိုင်းတွင် ဘာကြောင့် ကြာရသည်ကို ကျွန်တော်သိရကြောင်း တစ်နေရာတွင် ဖော်ပြပါမည်)။ မည်သို့ပင်ဖြစ်စေ ခင်စန်းသည် S.17 ကိုပင် တန်းလာရမည်။ S.17 ထဲသို့ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဝင်နေကြပြီဖြစ်သော ကြောင့် ခင်စန်း လာခါနီးပြီဟု သိရသည်။

ဟော… ပြောရင်းဆိုရင်း ရောက်လာပြီ။ ခင်စန်းသည် သူ့ သူငယ်ချင်း တစ်ယောက်နှင့်အတူ လျှောက်လာနေသည်။ ထုံးစံအတိုင်း ခေါင်းကလေး စောင်းငုံ့ရင်း လျှောက်လာသောကြောင့် ကျွန်တော့်ကို သူ မမြင်။ ကျွန်တော် သည် အုတ်ခုံပေါ်မှ ဆင်းလိုက်လျှင် ကောင်းမလား၊ ဆက်ထိုင်နေရင် ကောင်း မလား၊ လှမ်းခေါ်လိုက်ရ ကောင်းမလား၊ စကားမှ လက်ခံပြောပါ့မလား၊ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဖြစ်နေသည်။

ထိုအချိန်မှာပင် သူတို့နှစ်ယောက်သည် ကျွန်တော့် ရှေ့တည့်တည့်မှာ ရပ်လိုက်သည်။ ကျွန်တော် လန့်သွား၏။ အမှန်မှာ ကျွန်တော့်ကို မြင် သောကြောင့် ရပ်လိုက်ခြင်း မဟုတ်ပါ။ ကျွန်တော့်ဘေးမှာ ထိုင်နေသော လူ တစ်ယောက်သည် အုတ်ခုံပေါ်မှဆင်း၍ သူတို့နားမှာ သွားရပ်သောကြောင့် ဖြစ်သည်။ ခင်စန်းနှင့် ပါလာသောအမျိုးသမီးနှင့် စကားပြောသည်။ ခင်စန်း သည် ဒီဘက်မှာ တစ်ယောက်တည်း သူတို့နှင့် ခပ်ခွာခွာ ရပ်နေသည်။

ကျွန်တော်သည် ဘယ်လိုက ဘယ်လို အုတ်ခုံပေါ်မှ ဆင်းလိုက်မိမှန်း မသိ။ ခင်စန်း ကျွန်တော့်ကို မြင်သွားသည်။ ပြုံးပြ၏။ အမယ် ဘယ်ဆိုး လို့လဲကွဲ့။ ကျွန်တော်ကလည်း အားကျမခံ ပြန်ပြုံးပြပြီးလျှင် ဘာပြောလျှင် ကောင်းမလဲဟု အပူတပြင်း စဉ်းစားလိုက်သည်။

"ဘယ်သွားမလို့လဲ"

mgyoe.com

mgyoe.com

မေးပြီးမှ ကျွန်တော့်စကားသည် သိပ်အဓိပ္ပာယ်မရှိကြောင်း သိလိုက်သည်။ ခင်စန်းကမူ မည်သို့မျှ သဘောမထားဘဲ ပြန်ဖြေသည်။

"အတန်းရှိတယ်"

S.17 ဘက်သို့ တစ်ချက် လှည့်ကြည့်သည်။ ပြီးတော့ "အတန်းမရှိဘူးလား" ဟု မေးသည်။ ကျွန်တော်က "ရှိတယ်" ဟု ယောင်ပြီး ဖြေမိ၏။ တကယ်လည်း အတန်းရှိပါသည်။ အတန်းရှိလျက် ဖျက်ပြီး လာခြင်းသည် တခြားမိန်းကလေးတစ်ယောက်ယောက်ကို လာစောင့်ခြင်းဖြစ်သည်ဟု သူ ထင်သွားမည်ကို ကျွန်တော် စိုးရိမ်မိခြင်းသာ ဖြစ်ပါသည်။

"ဟိုလေ၊ ကိစ္စရှိလို့၊ ဟိုဥစ္စာ၊ သိန်းရွှေကို လာစောင့်နေတာ" ဟု သူ အထင်မလွဲအောင် ပြောလိုက်သည်။

အမှန်တော့ ကျွန်တော့်ဘာသာ တစ်ယောက်တည်း လျှောက်စိုးရိမ်နေခြင်းပင်။ သူကတော့ ဘယ်လိုမှ ထင်ပုံ မရ။ ဟုတ်လည်း ဟုတ်သားပဲ။ သူနဲ့ကျွန်တော် ဘာဖြစ်နေလို့ အထင်လွဲရမှာလဲ။

သူ့သူငယ်ချင်းနှင့် ဟိုလူနှင့်လည်း စကားပြတ်သွားပြီ။ ခင်စန်းက "သွားမယ်၊ ဟိုမှာ အတန်းချိန် နီးနေပြီ" ဟု နှုတ်ဆက်ပြီး ထွက်သွားသည်။ ကျွန်တော်လည်း ပြုံးပြုံးကြီး ခေါင်းညိတ်ပြလိုက်ပြီးလျှင် သူထွက်သွားရာသို့ ငေးကြည့်နေရာမှ ဝမ်းသာအားရ နောက်ပြန်လှည့်လိုက်သောအခါ ဟိုဘက်မှ လာနေသော လူတစ်ယောက်ကို ဝင်တိုက်မိလေတော့သည်။

"ဟာ… ကန်တော့ ဆရာ"

ရူပဗေဒဌာန ပါမောက္ခ ဆရာကြီး ဒေါက်တာတင်အောင်သည် ကျွန်တော့်ကို ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

***

ခင်စန်းကို စာပေးဖြစ်သောနေ့ မတိုင်ခင်က အဖြစ်အပျက်များမှာ သိပ်ထူးထူးခြားခြား မရှိလှပါ။

ကျွန်တော်က ငွေစာရင်းဌာနဘက်မှ အလာ၊ သူက ဓာတုဗေဒဌာနဘက်မှ အလာ၊ အမျိုးသားအပန်းဖြေခန်းထောင့်တွင် ဆုံကြ၏။

"ဟော… ဘယ်သွားမလို့လဲ"

mgyoe.com

သူက ပြုံးပြီး "ဟိုဘက်" ဟု ပြောသည်။ ကျွန်တော့်ကို သူ ဘာမျှ မမေးသော်လည်း "တို့လည်း ဟိုဘက်ပဲ" ဟု ပြောပြီး သူနှင့် ဆန့် ကျင်ရာသို့ လျှောက်သွားလိုက်ရ၏။ အမှန်မှာ ကျွန်တော် သူ့ဆီသို့ လာခြင်း သာ ဖြစ်ပါသည်။ ခပ်လှမ်းလှမ်းရောက်မှ သူ့ကို မသိမသာ လှည့်ကြည့်ရသည်။ ခင်စန်းနှင့် သူ့သူငယ်ချင်းတို့သည် အမျိုးသမီးအိမ်သာထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရသောအခါကျမှ ကျွန်တော်လည်း ရူပဗေဒဌာနဘက်မှ လှည့်ပြီး လာလမ်းအတိုင်း ပြန်လာခဲ့သည်။

ခုအချိန် ကျွန်တော်တို့ အတန်းရှိသည်။ သင်ရိုး ၄၀၆၊ သမိုင်း ဒဿနနည်းပြတန်း၊ စောစောတုန်းက ခင်စန်းဆီ သွားချင်သောကြောင့် လစ် လာခဲ့ခြင်း ဖြစ်သည်။ ခုကျတော့ နည်းပြတန်းဟာလည်း အရေးကြီးတာပဲဟု ဆုံးဖြတ်ပြီး အတန်းရှိရာသို့ လာခဲ့သည်။ အတန်းထဲမှာ ဆရာပင် ရောက်နေ ပြီ။ ဆရာ့ကို အားနာပြုံး ပြုံးပြပြီး နောက်တန်းမှာ ဝင်ထိုင်လိုက်သည်။ ဆရာသည် ပြီးခဲ့သောနည်းပြတန်းက ဖြေဆိုချက်များနှင့် ပတ်သက်၍ ရှင်းပြ နေ၏။

သမိုင်းသည် အစဉ်သဖြင့် ဆုတ်ယုတ်နေသလော၊ အစဉ်သဖြင့် တိုးတက်နေသလော၊ ဆုတ်ယုတ်ချည် တစ်ခါ၊ တိုးချည် တစ်လှည့် ဖြစ်နေ သလော၊ ချာလပတ် လည်နေသလော၊ သမိုင်းတွင် အစနှင့် အဆုံး ဟူ၍ ရှိသလော။ သမိုင်းဖြစ်စဉ်တို့သည် စနစ်တကျ ရှိသလော၊ ပရမ်းပတာ ဖြစ်နေ သလော။ ဓမ္မဓိဋ္ဌာန်ကျသော သမိုင်းအမြင် ဟူသည်ကား အုပ်စုလိုက် စွဲကိုင် ထားသော ဝါဒအစွဲအလမ်းများကို ပယ်ရမည်။ ပုဂ္ဂိုလ်စွဲဖြင့် ဘက်လိုက်မှု၊ အာဃာတတရား ထားရှိမှုများ မပါဝင်စေရ၊ ကြည်လင်သန့်ရှင်းသော အမြင် ဖြစ်ရမည်။ ထို့အပြင်...။

❐

mgyoe.com

mgyoe.com SAMPLE BOOK

--၆--

ကဲ… ကျွန်တော် ခင်စန်းကို စာပေးခဲ့သည့်အကြောင်းကို ဆက်ကြဦးစို့။

ခင်စန်းတို့အတန်းသည် ဒီနေ့ သုံးနာရီခွဲမှာ ပြီးမည်။ သုံးနာရီ မိနစ်နှစ်ဆယ်လောက်တွင် သူတို့အတန်းနားသို့ လာခဲ့သည်။ သို့ရာတွင် စကြံလမ်းပေါ် လျှောက်လာရင်း သူတို့အတန်းကို လှမ်းကြည့်လိုက်ရာ လူတစ်ယောက်မျှ မရှိတော့။ အတန်း စောပြီးတာလား၊ ဆရာ မလာလို့ အတန်းမရှိတာလား မသိရ။ အခန်းပေါက်ဝမှ မသိမသာ ကြည့်သောအခါ အထဲမှာ စာကူးနေသော ကျောင်းသူ သုံးလေးယောက်ကို တွေ့ရသည်။

ထို့ကြောင့် အတန်းပြီးတာ မကြာသေးဟု ခန့်မှန်းလိုက်သည်။ ၁၆ ဘတ်စ်ကား မှတ်တိုင်ကို မြန်မြန်လိုက်လျှင် မီနိုင်သည်။ ခုရက်အတွင်း ခင်စန်းတို့စီးသော ဖယ်ရီကား ပျက်နေသောကြောင့် ဘတ်စ်ကားဖြင့် ပြန်ကြောင်း ကျွန်တော် သိပြီးသား။

သိပ္ပံကျောင်းဆောင်ဘေးဘက်အပေါက်သို့ ရောက်သောအခါ ခဏ ရပ်၍ စဉ်းစားသည်။ အင်းလျားဆောင်နောက်ဘက် စားသောက်ဆိုင်တန်းဘက်က သွားမလား၊ အင်းဝ စားသောက်ဆိုင်တန်းဘက်က သွားမလား။

mgyoe.com

mgype.com SAMPLE BOOK


အတွဲ မရှိသေးသော မိန်းကလေးတို့သည် များသောအားဖြင့် အင်းလျားဆောင် စားသောက်ဆိုင်များမှာ ထိုင်လေ့ရှိသည်ဟု ပွင့်ကောင်းက ပြောဖူးသည်။

ထို့ကြောင့် ဘယ်ဘက်ကို ကွေ့ပြီး လျှောက်လာခဲ့သည်။ စားသောက်ဆိုင်တန်းတွင် စားရင်းသောက်ရင်း စကားဆူညံ ရယ်မောဟားတိုက်နေကြသော မိန်းကလေးတစ်သိုက်ကို တွေ့ရသည်။ ခင်စန်း မရှိ။ အင်းဝ စားသောက်ဆိုင်တန်းဘက်သို့ ပြန်လှည့်ပြီး ရှာမည်ဟု စိတ်ကူးမိသေးသည်။ ဟိုမမီ၊ ဒီမမီ ဖြစ်မည်စိုး၍ ဆက်လျှောက်လာခဲ့သည်။ ပုဂံလမ်းပေါ်တွင် ခြေလှမ်းကို သွက်သွက်လှမ်းရ၏။ ရှေ့နားမှာများ သူ ရှိနေမလားဟု လှမ်းကြည့်သော်လည်း မတွေ့ရ။

ပုဂံလမ်းထိပ်သို့ အရောက်မှာပင် ၁၆ ဘတ်စ်ကားပေါ်သို့ လှမ်းတက်နေသော သူ့ကို တွေ့လိုက်ရလေသည်။ ကားပေါ် ပြေးတက်လျှင် မီနိုင်သော်လည်း ရုတ်တရက်ကြောင်၍ ရပ်နေမိ၏။ ကားမှတ်တိုင်တွင် ကျွန်တော့်အပြင် တခြားလူနှစ်ယောက်သာ ရှိသည်။ သူတို့သည်လည်း ကားပေါ် တက်သွားသော ခင်စန်းကို ကြည့်နေကြ၏။ အသားညိုညိုလူက အသားလတ်လတ်လူကို လက်ကုတ်ပြီး တစ်စုံတစ်ခု ပြောလိုက်သည်ကို တွေ့လိုက်ရသည်။ အသားလတ်လတ်လူသည် ထွက်လုဆဲဆဲ ဖြစ်နေသော ဘတ်စ်ကား၏နောက်ပေါက်မှ ခုန်တက်လိုက်လေသည်။ ခုမှပင် ကျွန်တော် လန့်ဖျပ်ပြီး သတိပြန်ဝင်လာသည်။ စိုးရိမ်စိတ်သည်လည်း ရောက်ရှိလာ၏။ ထိုသူသည် ခင်စန်းကို ကြံနေသူ ဖြစ်ရမည်။ ကျွန်တော်ကား အတန်ငယ် နောက်ကျသွားပါသည်။ ခြေလှမ်းပြင်လိုက်သော အချိန်မှာပင် ဘတ်စ်ကားသည် 'ဝူးခနဲ' မောင်းထွက်သွားလေတော့သည်။ အသားညိုညိုလူလည်း ကျွန်တော့်ကို သတိပြုမိဟန် မတူဘဲ လမ်းကို ဖြတ်ကူးသွားသည်။

ကျွန်တော်သည် ထွက်ခွာသွားသော ဘတ်စ်ကားနောက်မြီးကို မချင့်မရဲ ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရှာသည်။ စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး ဒီဘက်သို့ လှည့်ကြည့်လိုက်စဉ်မှာပင် ဝမ်းမြောက်ဖွယ် မြင်ကွင်းကို မြင်ရသည်။ အမှန်အားဖြင့် စောစောကကား ကတိုက်ကရိုက် ထွက်သွားရခြင်းမှာ နောက်မှ ၁၆ ကားတစ်စင်း ကပ်လိုက်လာသောကြောင့် ဖြစ်လေသည်။

ကျွန်တော် လှမ်းတက်လိုက်သည်နှင့်တစ်ပြိုင်နက် ကားလည်း အလျင်အမြန် စတင်ထွက်ခွာ၏။ ဝမ်းသာသွားမိသည်။ ဒီအတိုင်းဆိုလျှင် ခင်စန်း

mgype.com

mgyoe.com SAMPLE BOOK

စီးသွားသော ရှေ့က ကားကို တစ်လမ်းလုံး ကပ်လိုက်သွားနိုင်သည်။ တာမွေဈေးကို ရှေ့ဆင့်နောက်ဆင့် ရောက်မည်။ ခင်စန်းအဖို့ ကားနောက်တစ်ဆင့်ပြောင်းမစီးနိုင်ခင် ကျွန်တော် မီမည်။ အမရဆောင်ရှေ့မှတ်တိုင်တွင် လူအတော်များများ ဆင်းသွားသောကြောင့် ထိုင်ခုံနေရာ ရလိုက်သည်။ လှည်းတန်းဈေးမှတ်တိုင်တွင် ရှေ့ကကား လူရပ်စောင့်နေသည်ကို တွေ့ရသည်။ ကားချင်းပြောင်းစီးမည်ဟု စိတ်ကူးလိုက်သော်လည်း ကျွန်တော်တို့ကား ရပ်လိုက်သည်နှင့် ရှေ့က ကားက ထွက်သွားသောကြောင့် မပြောင်းဖြစ်လိုက်ချေ။

ကျွန်တော်တို့ကားလည်း ကြာကြာ လူမစောင့်တော့ဘဲ ရှေ့က ကားကို အမီလိုက်လေသည်။ ရှေ့ကားကလည်း လွတ်အောင် ပြေးသည်။ ကျွန်တော်တို့ကားကလည်း အတင်းကပ်လိုက်သည်။ တစ်ခါတစ်ရံ မီလုမီခင်ဖြစ်၍ တစ်ခါတစ်ရံလည်း အတန်ငယ် အလှမ်းကွာသွားသည်။ အချို့မှတ်တိုင်များတွင် ကားနှစ်စင်း ရှေ့ဆင့်နောက်ဆင့်ပြိုင်တူ ရပ်မိကြသည်။ ပြီးတော့ပြိုင်တူ ပြန်ထွက်သည်။ နီးလိုက်ဝေးလိုက်၊ ကပ်လိုက်ခွာလိုက်။ ကျွန်တော့်စိတ်ထဲတွင် နိုင်ငံခြားရုပ်ရှင်ကားများထဲက ကားချင်းပြိုင်သော အခန်းများကိုကြည့်နေရသလို အားမလို အားမရဖြစ်ရင်း စိတ်မောနေလေသည်။ မြေနီကုန်းဈေးမှတ်တိုင်တွင် ရပ်မိကြသောအခါ ရှေ့ကားမှ လက်မှတ်ရောင်းသည်ကျွန်တော်တို့ကားနားသို့ လျှောက်လာသည်။

"ဘယ်လိုလဲကွ၊ မင်းတို့က တွန်းလှချည်လား"

"ငါတို့က တွန်းတာ မဟုတ်ဘူးကွ၊ မင်းတို့က လိမ့်နေတာ"

"ငါတို့လည်း မှန်မှန်မောင်းတာပဲကွ၊ ရှေ့မှာက ဟီးနိုးကြီး၊ ကပ်လိုက်သွားရင် ခါလီ ဖြစ်သွားမှာပေါ့"

"ငါတို့တော့ သိပ်မစောင့်နိုင်ဘူးနော်၊ နောက်ကားက ဖင်နားကပ်နေပြီ"

သူတို့ချင်း စကားပြောနေကြတုန်း ရှေ့ကားကို အမြန်ပြောင်းစီးမှု။ ကျွန်တော် ထရပ်လိုက်သည်။ ထိုအချိန်မှာပင် ရှေ့ကားက စတင်ထွက်ခွာသည်။ ကျွန်တော်တို့ကားနားမှာ စကားလာပြောနေတာ လက်မှတ်ရောင်းလည်းအပြေးအလွှား ခုန်တက်သွားရ၏။ ဒီတစ်ခါလည်း ကားပြောင်းဖို့ အခွင့်မသာပြန်။ ကိုယ့်နေရာမှာပင် ပြန်ထိုင်တော့မည်ဟု လှည့်ကြည့်လိုက်သောအခါကျွန်တော့်နေရာတွင် မိန်းမကြီးတစ်ယောက် ထိုင်နေနှင့်လေပြီ။ မတ်တတ်ပင်

mgyoe.com

ရပ်နေလိုက်ရသည်။

ကျွန်တော်တို့ကားသည် တော်တော်နှင့်မထွက်ဘဲ လူစောင့်နေသည်။ မတ်တတ်ရပ်နေရသောကြောင့် လည်းကောင်း၊ ခင်စန်းကို အမိလိုက်လိုသော စိတ်စောနေသောကြောင့်လည်းကောင်း၊ ကြာလှချည်ရဲ့ဟု ထင်နေခြင်းလည်း ဖြစ်ကောင်းဖြစ်ပါမည်။ မည်သို့ပင် ဖြစ်ပါစေ ကျွန်တော့်စိတ်ထဲတွင် စိုးရိမ်မှုများ ဖြစ်ပွားလာလေသည်။ တာမွေဈေးရောက်လျှင် ဟိုလူသည် ခင်စန်းကို နှောင့်ယှက်ချင် နှောင့်ယှက်လိမ့်မည်၊ စာပေးဖြစ်မည်၊ စကား ပြောဖြစ်မည် ဆိုလျှင် ကျွန်တော့်အဖို့ တစ်ကွက် နောက်ကျပေတော့မည်။

"မောင်းမယ်၊ နောက်ကားလာပြီ"

ဘတ်စ်ကားအိုကြီးဆီမှ 'ဂီးခနဲ' ဂီယာထိုးလိုက်သော အသံသည် ဘယ်တုန်းကမှ ဒီတစ်ခါလောက် နားထောင်လို့ မကောင်းခဲ့ဖူးချေ။ ကားထွက်ပြီ။ ဆင်းသူ၊ တက်သူ မရှိသော မှတ်တိုင်များတွင် ကားမရပ်ဘဲ ဆက်မောင်းသောအခါ ဝမ်းသာအားရဖြစ်မိသည်။ ရွှေဂုံတိုင်ကျတော့ နည်းနည်းကြာအောင် လူစောင့်နေပြန်သောအခါ မကျေမနပ် ဖြစ်မိပြန်၏။ ကားစထွက်တော့မှ သုတ်သီးသုတ်ပျာရောက်လာပြီး လက်လှမ်းတားသောကြောင့် ကားအရှိန်ကို ပြန်လျှော့လိုက်ရလျှင် စိတ်ဓာတ်လျော့ကျသွားရသည်။

တာမွေအဝိုင်းကို ကွေ့နေစဉ်ကပင် အပေါက်ဝနား ရောက်အောင် ကြိုတင်၍ တိုးထွက်လာသည်။ မိန်းမကြီးတစ်ယောက်ကပင် "ဘယ်လိုဖြစ်နေတာလဲ၊ တိုးနေလိုက်တာ၊ အားလုံးဆင်းမှာပဲ" ဟု ပောက်လိုက်သေးသည်။ ဘယ်လိုပင် ဘယ်လိုပဲ ဖြစ်ဖြစ် ကားရပ်လိုက်သည်နှင့် ကားပေါ်က အရင်ဆုံး ခုန်ဆင်းလိုက်သူမှာ ကျွန်တော်။ ကားနောက်ဘက်မှ ကွေ့လျှောက်ပြီး ဟိုဘက်မှတ်တိုင်သို့ ကြည့်သည်။

တော်ပါသေးရဲ့။ ခင်စန်းသည် မှတ်တိုင်မှာ ရှိနေတုန်း။ ပြီးတော့လည်း သူ့ဘေးမှာ ဟိုအကောင်ကို မတွေ့ရ။ နွားနို့ပုံးကြီးနှင့် ကုလားကြီးတစ်ယောက်ကိုသာ မလှမ်းမကမ်းတွင် တွေ့ရသည်။ ဟိုလူက နွားနို့ကုလား ယောင်ဆောင်နေတာတော့ မဖြစ်နိုင်။

ကျွန်တော် လမ်းဖြတ်ကူးလိုက်သည်။ ခင်စန်းသည် ကျွန်တော့်ကို မြင်နေသောအခါ နှစ်လိုစွာ ပြုံးပြသည်။ သူတစ်ယောက်တည်း အဖော်မရှိ ဖြစ်နေတုန်း ကျွန်တော့်ကို တွေ့လိုက်ရသောကြောင့် ဝမ်းသာသွားပုံလည်း

mgyobe.com

ရသည်။ ကျွန်တော် အားတက်သွားမိ၏။

"ကား မရသေးဘူးလား"

ကျွန်တော် မေးသည်။

"ဟုတ်တယ်၊ ကားတွေက သိပ်ကျပ်တာပဲ၊ တက်လို့ မရဘူး"

သူ ဖြေသည်။

ကျွန်တော်သည် ကိုယ့်အကြံနှင့် ကိုယ်ဖြစ်သောကြောင့် စိတ်မလုံချေ။ သူကတော့ ဘာမျှ မသိသေးသဖြင့် ရှက်ရွံ့နေပုံ မရပါ။ သူ့မျက်နှာကို စေ့စေ့ကြည့်၍ စကားမပြောရဲ။ ကားလာမည့်ဘက်သို့သာ လှမ်းလှမ်း၍ ကြည့်နေရသည်။

"ကားစောင့်နေတာ ကြာပြီလား"

"နည်းနည်းတော့ ကြာပြီ၊ ခုန တစ်စင်းလာသေးတယ်၊ သိပ်ကျပ်နေလို့"

"ဒါဆိုရင်"

ကျွန်တော့်စကားကို မဆက်ဘဲ ခဏမျှစဉ်းစားသည်။ အတင့်ရဲလွန်းရာကျမလား၊ အခွင့်အရေးယူသလို ဖြစ်နေမလား။ သူကမူ ကျွန်တော် ရှေ့ဆက်မည့်စကားကို ရိုးသားစွာ နားထောင်နေသည်။ ကျွန်တော် စကားကို ဆက်၏။

"ဟိုဥစ္စာလေ… ဟိုဘက်မှတ်တိုင်ကနေ ကြိုပြီးတော့ သွားစီးမလားလို့…"

သူ ခဏမျှ စဉ်းစားသည်။

"ဟိုအထိ လျှောက်ရမှာပေါ့" ဟု ပြောသည်။ ကားလာမည့်ဘက်ကို တစ်ချက်ကြည့်သည်။ သူ ပြော၏။

"ဒီမှာကတော့ လူသိပ်များတာပဲ"

သူ့စကား အသွားအလာရဆိုလျှင် ဟိုဘက်မှတ်တိုင်အထိ လျှောက်ဖို့ သဘောတူပုံရသည်။

"ဒါဆိုလည်း သွားရအောင်"

"သွားလေ"

ကျွန်တော် ဝမ်းသာသွား၏။ သူသည် ကျွန်တော်နှင့်အတူတူ လမ်းလျှောက်ရန် မငြင်းဆန်သောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်တို့

mgoe.com

m g y p e . c o m SAMPLE BOOK

နှစ်ယောက် အလယ်ကောင်ပလက်ဖောင်းဆီသို့ ကူးလိုက်သောအချိန်မှာပင် သူ့ကို တွေ့လိုက်ရလေသည်။ ကားစောင့်နေသော လူအုပ်ကြားထဲမှာ ဟိုလူ၊ မျက်မှောင်ကြီးကုတ်၍ မခံချိမခံသာ မျက်နှာထားဖြင့် ကျွန်တော်တို့ကို ကြည့်နေသည်။ ခုမှပင် သေသေချာချာ သဘောပေါက်တော့သည်။ ဟိုလူသည် ခင်စန်းတို့ကားနှင့် တူတူပါလာပြီး မှတ်တိုင်ရောက်သောအခါ ခင်စန်းအနား ကို ဝင်မကပ်ရဲသေးသောကြောင့် ခပ်လှမ်းလှမ်းမှ အခြေအနေစောင့်ကြည့်နေ ခြင်း ဖြစ်မည်။ ထိုအချိန်တွင် ကျွန်တော် ရောက်လာခြင်း ဖြစ်သည်။ ခင်စန်း သည် ဟိုလူ သူ့ကို ချောင်းနေကြောင်း သိလိမ့်မည်။ ဘယ်အချိန်များ လာပြီး နှောင့်ယှက်မလဲဟု စိုးရိမ်နေတုန်း ကျွန်တော် ရောက်သွားခြင်း ဖြစ်၏။ ထို့ ကြောင့် သူ ကျွန်တော့်ကို မြင်သောအခါ ဝမ်းသာအားရ ဖြစ်သွားခြင်းပင်၊ 'ငါ့သူငယ်ချင်းလာပြီ' ဆိုပြီး ဝမ်းသာအားရ ဖြစ်သွားခဲ့ခြင်းတည်း ခုလို ကျွန်တော်နှင့်တူတူ ဟိုဘက်မှတ်တိုင်သို့ လိုက်လာခဲ့ခြင်းမှာလည်း ဟိုလူ၏ ရန်မှ ရှောင်ကြဉ်ရန် သူငယ်ချင်းတစ်ယောက်ကို အားကိုးတကြီးပြုရှာခြင်း ဖြစ်ပါ၏။

ကျွန်တော်တို့နှစ်ယောက်သည် တစ်လံလောက် ခွာ၍ လျှောက်လာ ကြသည်။ သူက ခွာလျှောက်တာလား၊ ကျွန်တော်က ခွာလျှောက်တာလား မသိရ။ စကားလည်း မပြောမိကြ။ မည်သို့ပင် ဖြစ်ပါစေ သူနှင့်ကျွန်တော် သည် ပထမဦးဆုံးအကြိမ် အတူယှဉ်တွဲပြီး လမ်းလျှောက်နေကြခြင်းမှာ သေချာ၏။

ခင်စန်းသည် နောက်သို့ မသိမသာ လှည့်ကြည့်သည်။ ဟိုလူများ ကပ်လိုက်လာမလားလို့ စိုးရိမ်မိခြင်း ဖြစ်လိမ့်မည်။ သူသည် တဒင်္ဂအကျပ် အတည်းကို ဖြေရှင်းရန်အတွက် ကျွန်တော့်ကို အသုံးချလိုက်ခြင်း ဖြစ်လေ သလားဟု တွေးမိသည်။ သို့ရာတွင် မိမိကိုယ်ကျိုးအတွက် လူတစ်ဖက်သားကို လှည့်စားလိုသော အရိပ်အယောင်များ သူ့မျက်နှာပေါ်တွင် စိုးစဉ်းမျှ မတွေ့ရ၊ ပြီးတော့လည်း သူငယ်ချင်းအချင်းချင်း ကူညီကြခြင်းသာ ဖြစ်သည်။

ဟိုဘက်မှတ်တိုင်တွင် လူအနည်းငယ်ရှင်းနေသည်။ တာမွေဈေးမှတ် တိုင်မှာဆိုလျှင် သူ့ထက်ငါ တိုးဝှေ့ တက်ရခြင်းကြောင့် ကားပေါ် ရောက်ဖို့ မလွယ်။ အမှန်အားဖြင့် ဟိုဘက်မှတ်တိုင်တွင်နေလျှင် ကားကျပ်၍ တက်လို့ မရသည်ကို အခွင့်ကောင်းယူပြီး သူနှင့်ပို၍ကြာကြာ စကားပြောခွင့်ရနိုင်သည်။

m g y p e . c o m

mgyoe.com

ဒါကို ကျွန်တော် သတိမပြုမိခဲ့။ ဒီဘက်တွင် သိပ်မပါးနပ်သေးသောကြောင့် ဖြစ်မည်။

အမှတ်တစ်ဆယ့်သုံး ကားတစ်စီး ဆိုက်လာသည်။ ကားချောင်သည်ဟု မဆိုသာသော်လည်း တက်လို့ရနိုင်သည်။ သူ့ကို တစ်ချက်ကြည့်လိုက်သောအခါ သူက ခေါင်းညိတ်ပြသည်။ ကျွန်တော်က ကားလက်ကိုင်တန်းကို ကိုင်၍ သူတက်သာအောင် လူကာပေးလိုက်၏။ သူကား ကားပေါ်သို့ လှမ်းတက်သည်။ သူ့ခြေသလုံးသားဖြူဖြူလေးကို လှစ်ခနဲ မြင်လိုက်ရသည်။ ခြေသလုံးကို ကြည့်မိသောကြောင့် ကျွန်တော့်ဘာသာ တစ်ယောက်တည်း ရှက်သွားမိသေးသည်။

ကားပေါ်တွင် သူနှင့်ကျွန်တော်သည် ဘေးချင်းယှဉ်ရပ်လျက် ကားလှုပ်သောအခါ လက်မောင်းချင်း ထိမသွားအောင် ကြိုးစား၍နေရသည်။ အသားယူသည် သူ မထင်စေလိုပါ။

ခင်စန်း၏ ဟိုဘက်မှ လူတစ်ယောက်၏ တံတောင်ဆစ်သည် ကားချိုင့်ဆောင့်လိုက်တိုင်း သူ့ပခုံးကို ထိတော့မလို ဖြစ်ဖြစ်သွား၏။ အပေါ်တန်းကို ကိုင်ထားသော ကျွန်တော့်လက်ကို သူ့လက် ရှေ့သို့ ပြောင်း၍ကိုင်ရင်း ကာထားလိုက်ရသည်။ ခုလို နီးနီးကပ်ကပ် နေခွင့်ရတုန်း သူ့ထံမှ ကိုယ်သင်းနံ့ကလေးကို ရလိုက်သည်ဟု ထင်လျှင် မှားပါလိမ့်မည်။ ကားစက်ဖုံးထဲမှ ထွက်လာသော အငွေ့နံ့များကိုသာ တဝကြီး ရှူရှိုက်နေရသည်။

ကျွန်းလမ်းဆုံမှတ်တိုင်ကိုကျော်ပြီး လက်ယာဘက်သို့ ကွေ့လိုက်သော အချိန်ကစ၍ ကျွန်တော့်ရင်သည် တဒိတ်ဒိတ်ခုန်လာ၏။ အဖုံးကြားထဲတွင် စာထည့်ထားသော စာအုပ်ကို ကိုင်ကြည့်မိသည်။ တာမွေကလေး သံလမ်းပြီးလျှင် ကျွန်တော် ဆင်းရမည့်မှတ်တိုင်။ ခင်စန်းက ကျွန်တော့်နောက်မှ ဆင်းရမည်။ တာမွေကလေးမှတ်တိုင်မှ အထွက်တွင် ရင်ခုန်နှုန်းပို၍ မြန်လာသည်။ ကားကြီးသည် တာမွေခုံးတံတားကြီးကို ပင်ပန်းကြီးစွာ တက်နေသော အချိန်တွင် ကျွန်တော်ကိုယ်တိုင် ပြေးတက်နေရသလို တလှပ်လှပ်မောပန်းနေမိသည်။ ဆင်းရမည့်မှတ်တိုင် နီးလာလေ၊ စိတ်လှုပ်ရှားလာလေ။ သူက သူ့သူငယ်ချင်းတစ်ယောက်လို ရိုးရိုးသားသား ဆက်ဆံရာတာကို အခွင့်ရေးယူသလို ဖြစ်သွားမလား။ အို··· ဒီလို အခွင့်အရေးမျိုးက ရခဲတယ်။ ကားသည် မှတ်တိုင်တွင်ရပ်ရန် အရှိန်လျှော့လိုက်သည်။ ကျွန်တော်သည် လွယ်အိတ်ထဲမှ

mgyoe.com

mgyoe.com SAMPLE BOOK


စာအုပ်ကို ဆွဲထုတ်လိုက်၏။

''တို့ ဒီမှာ ဆင်းမယ်၊ ရော့''

သူ့လက်ထဲသို့ စာအုပ်ကို ထည့်ပေးလိုက်သည်။ သူသည် ဘာမျှ နားမလည်သလို၊ အံ့ဩသလို မျက်လုံးကလေးကြောင်တောင်တောင် ကြည့်နေစဉ်မှာပင် ကားပေါ်မှ တိုးဝှေ့ဆင်းလာခဲ့သည်။

ကိုင်း... မပိုင်လား ခင်ဗျာ။

ကျွန်တော်သည် ဘတ်စ်ကားပေါ်၌ စာပေးသောနည်းကို အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်လေသည်။ ဘတ်စ်ကားပေါ်မှာဆိုတော့ မယူဘူးဆိုပြီး ငြင်းလို့လည်း မဖြစ်။ စာအုပ်ကို လွှင့်ပစ်လို့လည်း မဖြစ်။ လူတွေ အများကြီးကြားထဲမှာ၊ သူသည် ကျွန်တော့်စာကို ဖတ်ဖြစ်အောင် ဖတ်ရပေတော့မည်။

'မိစန်းရေ၊ နင်တော့ လူပေါင်းမှားခဲ့ပြီကောကွယ်'

❐

mgyoe.com

mgyoe.com SAMPLE BOOK

--၇--

အချစ်သည် ထူးခြားဆန်းကြယ်၏၊ အသိရခက်သည်။ သိပ္ပံနည်းကျစွာ စနစ်တကျဖွဲ့စည်းထားခြင်း မဟုတ်။ တိုက်ဆိုင်မှု၊ ကြုံကြိုက်မှုသဘောတွေ အများကြီးပါသည်။ အချိန်ကာလ အကန့်အသတ် မရှိ။ တိုင်းထွာခြင်း၊ ချိန်တွယ်ခြင်း၊ ခြင်တွယ်ခြင်းလည်း ပြုလုပ်၍မရ။ လက်မ၊ ပေ၊ မိုင်၊ ကီလို၊ အောင်စ၊ ပိဿာ၊ ဂါလန် စသည်တို့ မရှိ။ တစ်နည်းအားဖြင့် အချစ်တွင် 'ယူနစ်' မရှိ။

သို့ရာတွင် ကျွန်ုပ်တို့နေထိုင်သော လူ့ဘောင်လောကကြီးသည် အလွန်ပင် ကျယ်ဝန်းလှပေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ထဲ၌ လှုပ်ရှားနေရသောလူသည် အချစ်၏ ရိုးသားရှင်းလင်းမှုကို မလွဲမရှောင်သာ ရှုပ်ထွေးစေရလေတော့၏။ အိမ်ထောင်မှုပြုခြင်းတွင် အချိန်သည် ပဓာနကျသော်လည်း အခြေအနေနှင့် အချိန်အခါအရ အခြားကိစ္စများကိုလည်း ပစ်ပယ်၍ မရချေ။ တစ်နည်းအားဖြင့် အချစ်အတွက် ဘာမျှ မလိုအပ်သော်လည်း အိမ်ထောင်ရေးအတွက်မူ လိုအပ်ချက် (ထောက်ကူချက်)များ ရှိနေပေသည်။

mgyoe.com

လူတို့တွင် ရုပ်အဆင်းနှင့် ခြေလက်အင်္ဂါတို့ကို ကြည့်၍ လူကဲခတ်သော အလေ့အထရှိပါသည်။ ထိုအလေ့အထမှာ လုံးဝမှန်ကန်သည်ဟု မဆိုနိုင်သော်လည်း များသောအားဖြင့် မှန်တတ်သည်ဟု ကျွန်တော့်အမေက ပြောဖူးလေသည်။ ဗေဒင်လက္ခဏာ၊ အကြားအမြင်ရခြင်း၊ ဓာတ်စီးခြင်း၊ ဓာတ်ပေါက်ခြင်းတို့ကို မဆိုလိုပါ၊ လူတစ်ယောက်၏စိတ်နေသဘောထားကို ထိုသူ၏ကိုယ်ကာယအင်္ဂါအစိတ်အပိုင်းများ၏ ပုံသဏ္ဌာန်၊ အရွယ်အစားကို ကြည့်၍ အကဲခတ်ခြင်းကို ဆိုလိုပါသည်။ တကယ်ဟုတ်သည်၊ မဟုတ်သည်ကို အသာထား၍ ကျွန်တော် ကြားဖူးသမျှ ပြောပြပါမည်။

လက်အနေအထား။

လက်မ တိုလွန်းလျှင် ရက်စက်တတ်သည်။ လက်ချောင်းများ ရှည်လျားလွန်းလျှင် စိတ်ကူးယဉ်တတ်သည်။ လက်ညှိုးက လက်သူကြွယ်ထက်ရှည်လျှင် သူတစ်ပါးအပေါ် သြဇာညောင်းသည်။ လက်သူကြွယ်က လက်ညှိုးထက် ရှည်လျှင် စိတ်ထားနူးညံ့ပြီး အနုပညာကို မြတ်နိုးသောစိတ် ရှိသည်။ လက်သည်းများ၏ အလျား (လက်သည်း ညှပ်ထားပြီးသောအချိန်) တိုလွန်းလျှင် တစ်ကိုယ်ကောင်းဆန်တတ်သည်။ လက်သည်းရှည်လျှင် အများအကျိုးကိုလည်း ကြည့်တတ်သည်။

ခြေထောက်အနေအထား။

ဖနောင့်တိုခြင်းသည် သူယုတ်မာလက္ခဏာတွင် ပါဝင်သည်။ ဖနောင့်ချွန်လျှင် မြင့်မြတ်သည်။ ခြေမနှင့် ကပ်လျက်ရှိသော ခြေချောင်းက ခြေမထက်ရှည်လျှင် သူတစ်ပါးအပေါ် အနိုင်ရလိုသောစိတ် ရှိသည်။ ထိုခြေချောင်းသည် အလွန်အမင်းရှည်ပြီး ခြေမက တိုလွန်းလျှင် (ခြေထောက်မြားဦးပုံ) တစ်ဖက်သတ် နိုင်ထက်စီးနင်းပြုလိုသောစိတ် ရှိသည်။ ခြေမက တိုလွန်းနေလျှင် နုံအသောစိတ်ရှိ၍ ဆင်ခြင်တိုင်းထွာတတ်သောဉာဏ်မျိုး မရှိတတ်ချေ။ ခြေမနှင့်ကပ်လျက်ရှိသော ခြေချောင်းနှင့်ခြေမတို့၏ အလျားချင်းတူညီပြီး ကျန်ခြေချောင်းများသည် အလိုက်သင့် အဆင်တပြေ ဖြစ်နေလျှင် သမမျှတသောစိတ်ထား ရှိသည်ဟု ဆိုပါသည်။

mgyoe.com

မျက်နှာ။

မျက်နှာရှည်လျှင် စိတ်ထား အပြောင်းအလဲရှိတတ်ပြီး၊ မျက်နှာဝိုင်းလျှင် စိတ်ထားတစ်သမတ်တည်း ထားတတ်သည်။ နှုတ်ခမ်းပါးလျှင် အကောင်းဘက်တွင်ဖြစ်စေ၊ အဆိုးဘက်တွင်ဖြစ်စေ ပြတ်သားမှုရှိပြီး နှုတ်ခမ်းထူလျှင် အကောင်းနှင့်အဆိုး တစ်ဖက်ဖက်သို့ လွန်ကဲမှုမရှိဘဲ ဒွန်တွဲ၍ နေတတ်သည်။ နှုတ်ခမ်းပြည့်တင်းလျှင် သစ္စာရှိခြင်းသဘောကို ဆောင်သည်။

မျက်လုံး။

အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်သည်။ ပါးစပ်မှ ထုတ်ဖော်မပြောလိုသော စကားကို မျက်လုံးဖြင့် ပြောနိုင်သည်။ အသံတိတ် စကားပြောခြင်းပင် ဖြစ်သည်။ အတွင်းစိတ်ကို မျက်လုံးပေါ်တွင် ရှာဖွေကြည့်နိုင်သည်။ မျက်လုံးတစ်လုံးနှင့်တစ်လုံး ကွာဝေးလွန်းလျှင် စိတ်ထားမမှန်ကန်။ မျက်လုံးအရောင် မှိန်လွန်းလျှင် စိတ်ဓာတ်ကြံ့ခိုင်မှု မရှိ။ အပြောင်းအလဲ များတတ်သည်၊ မျက်စိမှေးပြီး တစ်စုံတစ်ခုကို မသိမသာ စူးစူးစိုက်စိုက် ကြည့်တတ်လျှင် ဆင်ကြံကြံတတ်သည်။ မျက်လုံးပြူးပြီး နီရဲနေလျှင် ဒေါသကြီးတတ်သည်။ မျက်လုံးကြည်လင်ပြီး အရွယ်အစား မှန်ကန်လျှင် စိတ်ကောင်းရှိတတ်သည်။

အထက်ပါတင်ပြချက်များအပေါ် နားရှုပ်ကုန်ကြလိမ့်မည်ဟု ထင်ပါသည်။ အမှန်မှာလည်း တမင်တကာ ရှုပ်အောင်လျှောက်ပြောခြင်း ဖြစ်ပါသည်၊ ခင်စန်းကို ကျွန်တော် ချစ်ရသည့်အကြောင်း ပြောရာတွင် လူတစ်ဖက်သား အထင်ကြီးမလားလို့ ကြီးကြီးကျယ်ကျယ်တွေ ပြောနေမိခြင်း ဖြစ်ပါသည်။ ကျွန်တော် ဆိုလိုချင်သည်မှာ လက်သည်းများ ရှည်ခြင်း၊ လက်ချောင်းများ သွယ်လျခြင်း၊ ဖနောင့်ချွန်ခြင်း၊ ခြေချောင်းများ ညီညာခြင်း၊ နှုတ်ခမ်းပြည့်တင်းခြင်း၊ မျက်လုံးများ ကြည်လင်ခြင်း၊ မျက်နှာ ရှင်းလင်းလှပခြင်းစသော ကောင်းမြတ်သည့် မင်္ဂလာလက္ခဏာများသည် ခင်စန်းတွင် ရှိနေခြင်းပင် ဖြစ်ပါသတည်း။

'ခင်စန်းနဲ့ပတ်သက်လာရင် နည်းနည်းလေးတော့ ပိုလိုက်ရမှ' ဟု ကျွန်တော့်သူငယ်ချင်းများ ပြောလည်း ပြောစရာပါပဲ။ အို… သူတို့ကို လုံးဝ ဂရုမစိုက်လို့ ပြောတယ်ဗျာ၊ ဘာဖြစ်လဲ။

mgyoe.com

တကယ်တော့ ဒီလောက်ထိအောင် ပြောနေစရာ မလိုပါ။ ရှင်းရှင်း ကလေးရယ်။

မေး- သင်သည် ခင်စန်းကို အဘယ်ကြောင့် ချစ်ခဲ့ပါသနည်း။

ဖြေ- ချစ်ချင်လို့ ချစ်ခဲ့ခြင်း ဖြစ်ပါသည်။

***

သူ အတန်းထဲမှ ထွက်လာသည်ကို မြင်သောအခါ စကြံအုတ်ခုံ ပေါ်တွင် ထိုင်နေရာမှ အောက်သို့ဆင်း၍ ရပ်လိုက်သည်။ သူသည်လည်း ကျွန်တော့်ကို တစ်ချက်မျှစိုက်ကြည့်ပြီး မျက်နှာကို သူ့လွယ်အိတ်ဆီသို့ လွှဲလိုက်သည်။ ကျွန်တော့်နားမှာ သူ လာရပ်၏။ လွယ်အိတ်ထဲက စာအုပ်တစ်အုပ် ကို ဆွဲထုတ်သည်။ ကျွန်တော် စာထည့်ပေးလိုက်သော စာအုပ်။

"သူ့စာအုပ် ပြန်ယူပါ၊ တို့ သူ့ကို သူငယ်ချင်းလိုပဲ ခင်ချင်တယ်"

ကျွန်တော့်ကို မကြည့်ဘဲ သူ ပြောသည်။ သူ ပေးနေသော စာအုပ် ကို ယူလိုက်သည်။ အဖုံးကြားကို ယောင်၍ စမ်းမိသည်။ အထဲမှာ ကျွန်တော့် စာကို မတွေ့၊ ကျွန်တော့်စာကို သူ ယူထားလိုက်ဟန် တူသည်။ အခြေအနေ သိပ်မဆိုးလှပဟု ယူဆမိသောကြောင့် စကားတစ်ခွန်းကို ကျွန်တော် ပြောမိ သွားသည်။

"တို့ကို စိတ်ဆိုးလား"

"စိတ်တော့ ဆိုးချင်တယ်၊ ဒါပေမဲ့ မဆိုးတော့ပါဘူး၊ နောက်တစ်ခါ အဲဒီလို လုပ်ရင်တော့ စိတ်ဆိုးမိလိမ့်မယ်"

သူ့မျက်နှာကို အကဲခတ်ကြည့်သောအခါ ဒေါသတကြီး ပြောဆိုနေ ခြင်း မဟုတ်ကြောင်း တွေ့ရသည်။ သို့ရာတွင် ရှက်ရွံ့သော၊ ရှိုးတိုးရှန့်တန့် ဖြစ်နေသော အမူအရာကိုလည်း မတွေ့ရချေ။ သူသည် ကျွန်တော့်အပေါ် လုံးဝစိတ်ဝင်စားမှု မရှိသောကြောင့် ဂရုမပြုဘဲ ရှိလေသလား။ သို့တည်းမဟုတ် သူငယ်ချင်းအချင်းချင်း ဖြစ်သောကြောင့် ရှက်ကြောက်ခြင်းမရှိဘဲ ဖြစ်နေ သလား။ ခုနတုန်းက စာအုပ်အဖုံးကြားက စာကို စမ်းကြည့်ခြင်းကို သူ ရိပ်မိသွားဟန် တူ၏။

"သူ့စာကိုတော့ ပြန်မပေးလိုက်တော့ဘူး"

m.gyoe.com

mgyoe.com SAMPLE BOOK

''မီးရှို့ပစ်လိုက်လို့လား''

သူ အတန်ငယ်ပြုံး၍ ခေါင်းခါသည်။

''အိမ်မှာ ရှိပါတယ်''

''ဖတ်ရော ဖတ်ကြည့်ရဲ့လား''

ခေါင်းညိတ်သည်။ ကျွန်တော့်စိတ်ထဲက မချင့်မရဲ ဖြစ်လာ၏။ ဘယ်လိုလဲ ခင်စန်းရယ်။

''တို့မှာ မျှော်လင့်ချက် မရှိတော့ဘူးလား''

ခဏမျှ စဉ်းစားပြီး 'မသိဘူး' ဟု ပြောသည်။ ကျွန်တော် ဘာဆက်ပြောလျှင် ကောင်းမလဲဟု စဉ်းစားရင်း ခေါင်းကုတ်သည်။ ဘာမျှ မပြောနိုင်သေးခင်မှာပင် 'သွားမယ်' ဆိုပြီး ထွက်သွားသည်။ ကျွန်တော်လည်း သူ့ဘေးမှ ယောင်ချာချာ လျှောက်လိုက်လာမိသည်။

ခပ်လှမ်းလှမ်းမှာ စောင့်နေကြသော သူ့သူငယ်ချင်းများနှင့် ဆုံသည်။ သူတို့ကလည်း ဟိုဘက်ဘေးမှ လျှောက်နေကြ၏။ ခင်စန်းသည် ကျွန်တော့်ကို လုံး၀ စကားလှည့်မပြောတော့ဘဲ သူ့သူငယ်ချင်းတွေနှင့်သာ ဒီနေ့ သင်ခဲ့ရသော စာများအကြောင်းကို ပြောနေသည်။

အင်းလျားဆောင်ဘေးဘက် စည်းရိုးနားမှကပ်၍ လျှောက်လာကြသည်။ မြောင်းကူးတံတားဆီသို့ ရောက်သည်။ အမှန်မှာ တံတား မဟုတ်၊ သံဘောင်ကြီးတစ်ခုကို ခင်းထားခြင်း ဖြစ်သည်။ နှစ်ယောက် ယှဉ်တွဲ၍ မလျှောက်သာ။ သူ့သူငယ်ချင်းတွေက အရင်တန်းစီ၍ ကူးသည်။ ခင်စန်းက နောက်ဆုံး။ ခင်စန်း၏နောက်က ကျွန်တော်။ ဟိုဘက်ကို ရောက်သောအခါ နောက်ဆုံးမှာ တစ်ယောက်တည်းကျန်နေသော ခင်စန်း၏ဘေးသို့ ကျွန်တော် ၀င်ယှဉ်လိုက်သည်။ သို့ရာတွင် ကျွန်တော် စကားမစနိုင်ခင်မှာပင် ရှေ့ကို လှမ်း၍ ခေါ်လိုက်သည်။

''မဦး၊ တို့ကို စောင့်ဦး''

ကျွန်တော် နည်းနည်းအောင့်သွားသည်။ သူသည် ကျွန်တော့်ကို အလိုမရှိပြီ။ အင်း၀လမ်းပေါ်အရောက်တွင် ကျွန်တော် ရပ်လိုက်သည်။ ထိုအခါကျမှ သူ ကျွန်တော့်ကို တစ်ချက် လှည့်ကြည့်သည်။

''တို့ သွားတော့မယ်''

သွားတော့မယ်ဆိုသောစကားကို ကျွန်တော်က ပြောသော်လည်း

mgyoe.com

m g y o e . c o m SAMPLE BOOK


အမှန်တကယ် ထွက်သွားသူက ခင်စန်း။ သူ သွားနေသည်ကို နောက်ကနေ ခဏမျှကြည့်နေမိသည်။မျက်နှာလွှဲလိုက်သည်။ အဓိပတိလမ်းဘက်သို့ လျှောက်လာသည်။ ပန်းချီခန်းမဘက်သို့သွားပြီး နံရံကပ်စာစောင်အတွက် ကဗျာသွားပို့လျှင် ကောင်းမလားဟု စဉ်းစားသည်။ မသွားချင်။ ဟိုရောက်လျှင် လက်ဖက်ရည်ဆိုင် ထိုင်မိဦးမည်။ လောလောဆယ်တွင် ပွင့်ကောင်းကို ဖြစ်စေ၊ မော်ဆရာကို ဖြစ်စေ တွေ့ချင်သည်။ သို့ရာတွင် ပွင့်ကောင်း ဒီနေ့ လာမည် မဟုတ်။ အေးငယ်တို့ အတန်းမှ မရှိပဲ။ မော်ဆရာကလည်း ရုံးတက်နေလိမ့်မည်။ မြို့ထဲသွားပြီး မော်ဆရာရုံးကို ဝင်ရင်ကော။ ဒီကောင်က ရုံးမှာ ရှိချင်မှ ရှိမည်။ အပြင်ထွက်နေတာက များသည်။ အိမ်ကိုပဲ ပြန်မည်။ ညကျမှ ပွင့်ကောင်းတို့ဘက်သွားမည်ဟု စိတ်ကူးလိုက်သည်။ အဓိပတိလမ်းအတိုင်း လျှောက်၊ မန္တလေးဆောင်၊ အမရဆောင်တို့ကို ဖြတ်ပြီး ကားမှတ်တိုင်ရှိရာသို့ လာခဲ့သည်။

မှတ်တိုင်မှာ အမှတ်ဆယ့်ခြောက်ကားတစ်စင်း ရပ်ထားသည်။ ကားစပယ်ယာသည် နောက်ပေါက်နားမှာရပ်ရင်း ကျွန်တော့်ကို လှမ်းကြည့်သည်။ ကားက ကျွန်တော့်ကို စောင့်နေခြင်းပင်။ ကျွန်တော့်ခြေလှမ်းတွေက နှေးနေသောကြောင့် သူတို့ကားနှင့် လိုက်လိမ့်မည်မဟုတ်ဟု ထင်သွားဟန်တူသည်။ စပယ်ယာသည် နောက်ခြေနင်းပေါ် တက်ရပ်လိုက်၏။ ကား ထွက်သွားသည်။ ထိုအခါကျမှပင် နောက်ဆုံးခုံတန်းတွင် ထိုင်နေသော ခင်စန်းကို ရိပ်ခနဲ လှမ်းတွေ့လိုက်ရလေတော့သည်။ လမ်းခွဲခဲ့ပြီးကာမှ ဆုံဖြစ်အောင် လာဆုံသေးသည်။

နဖူးစာကား မကုန်သေးဟု ထင်၏။

***

"မင်းလုပ်ပုံက ဟုတ်ကို မဟုတ်သေးဘူးကွာ"

မော်ဆရာက ပြောသည်။

"တက္ကသိုလ်မှာ နောက်ဆုံးနှစ်ပဲ ရောက်နေပြီကွာ၊ နှစ်ကြီးသမားလုပ်နေပြီး ဒီလောက်မှ အထာမညက်သေးဘူးလား"

ပွင့်ကောင်းက ဝေဖန်သည်။

mgyoe.com

mgyoe.com

"ဘာ အထာမညက်တာလဲကွ၊ ငါက ဘာလုပ်နေလို့လဲ"

"မင်း စဉ်းစားကြည့်လေ၊ မိန်းကလေးတစ်ယောက်ဟာ ပထမဆုံး ပေးတဲ့စာအတွက် ပထမဆုံး အကြောင်းပြန်ရမယ်နေ့မှာ ဒီလောက်ပဲ ပြောမှာပေါ့ကွ"

"မင်းကို ကောမလွှတ်ဘူးဆိုကတည်းက အခြေအနေမဆိုးဘူးဆိုတာ သိသာပါတယ်"

သူတို့နှစ်ယောက် ရှေ့ဆင့် နောက်ဆင့် ပြောသည်။

"ဒါကတော့ သူငယ်ချင်းတစ်ယောက်အနေနဲ့ သိပ်ပြင်းပြင်းထန်ထန် ငြင်းလို့ မကောင်းဘူး မဟုတ်လား၊ ဒါကြောင့်လို့ပဲ ထင်တယ်၊ ပြီးတော့ သူ့ဘေးက ငါလျှောက်လာတော့ ငါ့ကို ရှိတယ်လို့တောင်ထင်ရဲ့လား မသိဘူး၊ လုံးဝမှ အဖက်မလုပ်တာ"

"အဲဒါ မင်း မှားတာပေါ့၊ သူက မင်းကို သူငယ်ချင်းလိုပဲ ခင်ချင်တယ်လို့ ပြောတယ်၊ စိတ်တော့ ဆိုးချင်တယ်၊ မဆိုးတော့ပါဘူးလို့ ပြောတယ်၊ အဲဒီလောက်နဲ့ပဲ မင်း ပြန်သင့်ပြီ၊ နောက်တစ်နေ့ ထပ်သွားပြီး ထပ်မေးပေါ့ကွ၊ ခုဟာက မင်းက သူ့ဘေးကနေ အတင်းကပ်လိုက်သွားတော့ သူ့သူငယ်ချင်းတွေရှေ့မှာ ရှက်မှာပေါ့ကွ၊ သမီးရည်းစားလည်း မဟုတ်ဘဲနဲ့၊ ကိုယ့်ကို စာပေးထားတဲ့လူတစ်ယောက်က ဘေးကနေ ကပ်လိုက်လာတာကို စကားတွေ ဖောင်လောက်အောင် လှည့်ပြီး ပြောနေရဦးမှာလားဟ"

ခုမှပင် ကျွန်တော့်အမှားကို ရိပ်မိသည်။ ဆန္ဒ လောကြီးသွားခြင်းသာ ဖြစ်သည်။ သူ့ကိုချစ်သောစိတ်သည် သတိတရားတို့ကိုပင် လက်လွှတ်စပယ် ဖြစ်သွားစေအောင် ကြီးမားသောကြောင့်သာ ဤကဲ့သို့ ပြုမူမိကြောင်း ခင်စန်း နားလည်နိုင်ပါစေ။

"အေးကွာ၊ ဟုတ်တော့ ဟုတ်သားပဲ"

"ငါ့လခွေး၊ ဘာ ခုမှ ဟုတ်သားပဲလဲ"

"မင်းတို့က ဘယ်လိုလဲကွ၊ ငါ မှားသွားလို့ ဝန်ခံတော့လည်း"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကဲ… ဒါနဲ့ ပြောစမ်းပါဦး၊ သူ့မျက်နှာထားက ဘယ်လိုလဲ"

"ဘာလဲ"

"ဒီလိုလေကွာ၊ မင်းကိုတွေ့တော့ သူ့ဟန်ပန်အမူအရာပြောတာ"

mgyoe.com

mgyoe.com SAMPLE BOOK


ပွင့်ကောင်း၏အမေးကို ဖြေရန် ကျွန်တော် စဉ်းစားကြည့်သည်။ သူ့မျက်နှာထား ရှက်ရွံ့နေပုံလည်း မရ၊ ကျွန်တော့်ကို အဖက်မလုပ် ဂရုမထားသည့် ပုံစံလည်း မဟုတ်၊ အေးဆေးတည်ငြိမ်စွာ ပြန်ဖြေခဲ့သည့်အကြောင်း ပြောပြလိုက်သည်။

"အေးကွ၊ အဲဒါကောင်းတယ်"

မော်ဆရာ့စကားကို ကောင်းကောင်း နားမလည်သောကြောင့် သူ့ကို ကြည့်လိုက်သည်။ မော်ဆရာက ဆေးလိပ်ကို မီးညှိလိုက်ပြီးမှ–

"ဒီလိုလေကွာ၊ ခင်စန်းဟာ ရည်းစားစကား အပြောခံရတာ ခဏခဏ ကြုံဖူးလို့ သူ့အတွက် အထူးအဆန်း မဟုတ်တော့ဘူး၊ မင်း သူ့ကို စာပေးတဲ့နေ့ကတောင် ဟိုတစ်ကောင်က ဝင်ကပ်ဖို့ ကြံသေးတယ်လို့ မင်းပြောတယ် မဟုတ်လား၊ အဲဒီတော့ကွာ၊ မင်းက စာပေးတဲ့ကိစ္စကိုလည်း သူ အထူးအထွေ တုန်လှုပ်မှာ မဟုတ်ဘူးလို့ ထင်တယ်"

"မင်း ပြောပုံဆိုရင် သူက ငါ့ကို တခြားကောင်တွေလိုပဲ သဘောထားတယ်လို့ ဆိုလိုတာပေါ့"

"ဒါက ဒီလို ရှိတယ်ကွ"

ပွင့်ကောင်းက ဆက်လက် ရှင်းလင်းသည်။

"အချစ်ဆိုတာ တကယ်ခံစားဖူးမှ သိနိုင်တာကွ၊ သဘောကတော့ကွာ၊ လေးငါးနှစ်အရွယ်ကလေးတွေကို ကြည့်ပါလား၊ သွေးသားအရင်းအချာ မဟုတ်တဲ့ ကောင်လေးနဲ့ကောင်မလေး တစ်ယောက်နဲ့တစ်ယောက် ဖက်နမ်းချင် ဖက်နမ်းကြတာပဲ၊ ဒါပေမဲ့ သူတို့အရွယ်မှာ ထောင့်ငါးရာအချစ်ဆိုတာ မရှိကြသေးတော့ ရှက်တာတို့ ဘာတို့ မရှိကြဘူးပေါ့ကွာ၊ ဒီလိုပဲ၊ အချစ်အကြောင်းကို မသိဖူးသေးတဲ့ ယောကျ်ားလေး ဖြစ်စေ၊ မိန်းကလေး ဖြစ်စေ မခံစားရဖူးသေးတော့ ဟိုဟာပေါ့ကွာ ငါပြောမယ့် စကားတောင် ဘယ်ရောက်သွားမှန်း မသိဘူး"

မော်ဆရာက ပွင့်ကောင်းကို ဟားသည်။ ပွင့်ကောင်းက 'ကျွတ်' ဆို လုပ်ပြီး ခေါင်းကုတ်နေပြန်သည်။ နိဂုံးကို မော်ဆရာက ဝင်ပြောသည်။

"ဆိုလိုတာကတော့ ခင်စန်းမှာ အချစ်နဲ့ပတ်သက်တဲ့ အတွေ့အကြုံ မရှိသေးဘူး၊ ရည်းစားစကား အပြောခံရတာတို့၊ စာပေးခံရတာတို့ကို တုန်လှုပ်ရကောင်းမှန်း မသိသေးဘူး၊ လိုက်အနှောင့်အယှက်ခံရတဲ့အတွက် စိတ်

mgyoe.com

mgyoe.com SAMPLE BOOK

ညစ်တာလောက်ပဲ သူ နားလည်မယ်''

''ဟုတ်တယ်၊ သူ ဘယ်သူ့ကိုမှ မချစ်ဖူးသေးတာ သေချာတယ်''

ပွင့်ကောင်းက ဝင်ပြောသည်။ မော်ဆရာက 'မင်း ခုမှ ဝင်ပြောမနေနဲ့' ဆိုသော သဘောဖြင့် ပွင့်ကောင်းကို ကြည့်သည်။ ကျွန်တော့်စိတ်ထဲတွင် အားလည်း လျော့သွားသည်။ ဝမ်းလည်း သာသွားသည်။

ခင်စန်းသည် ကျွန်တော်၏ ချစ်ရေးဆိုမှုအပေါ် တုန်လှုပ်မှု မရှိ။ ထို့ကြောင့် သူသည် ကျွန်တော့်အပေါ် စိတ်ဝင်စားမှု မရှိသေးဟု ဆိုနိုင်ဖွယ် ရှိသည်။ နောက်တစ်နည်းမှာ သူသည် အချစ်နှင့်ပတ်သက်သော အတွေ့အကြုံ မရှိသေး၊ မည်သူ့ကိုမျှလည်း မချစ်ခဲ့ဖူးသောကြောင့် မတုန်မလှုပ်ဘဲ ရှိနေခြင်း ဖြစ်နိုင်သည်။ ခင်စန်းသည် အချစ်ကို မခံစားဖူးသေးဟု ဆိုနိုင်ပါသည်။

ခင်စန်းသည် ဘယ်တော့ကျလျှင် တုန်လှုပ်မည်နည်း။

***

ကျောင်းပြင်နှင့် ကျောင်းတွင်းသည် အဘယ်ကြောင့် မတူသနည်း။ ဘတ်စ်ကားနှင့် လာခဲ့စဉ်က ဗွတ္တလစ်၊ ရန်ကင်း၊ ကုက္ကိုင်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်တွင် နေရောင်သည် ကောင်းစွာ ဖြာကျလျက် ရှိနေခဲ့သည်။ ဘတ်စ်ကားပေါ်ကဆင်းပြီး ကျောင်းဝင်းထဲသို့ ဝင်လိုက်သည်နှင့် ဘစ်ပြိုင်နက် စိမ့်ခနဲ ဖြစ်သွား၏။ အထဲတွင် နှင်းမကွဲသေးချေ။ ပုဂံလမ်းပေါ်တွင် မြူနှင်းတို့ ဝေ့ဝေ့ဝဲဝဲ ကျနေသည်။ ဤနေရာ၌ ဆောင်း မနှောင်းတတ်သေး။ ခပ်သွက်သွက်လျှောက်လိုက်လျှင် အချမ်းသက်သာမည်ဟု စိတ်ကူးမိသည်။ ခြေလှမ်းကို မြန်လိုက်သည်။ ပုဂံလမ်းပေါ်တွင် လူရှင်းနေ၏။ ကျွန်တော်နှင့်တူတူ ကားပေါ်မှ ဆင်းလာသော လူလေးငါးယောက်သာ ရှိသည်။ ရှေ့ကို လှမ်း၍ကြည့်သောအခါ၊ ဟင်… ခင်စန်းနဲ့တူလိုက်တာ၊ နှင်းနှင့် အလိုက်ဖက်ဆုံးအရောင်ကို ဆင်မြန်းထားတဲ့သူ။ အထက်အောက် ပန်းရောင်၊ စောစောတုန်းက မြူနှင်းတို့ဖြင့် ပိတ်ဖုံးနေသောကြောင့် မမြင်ဘဲရှိခဲ့ခြင်း ဖြစ်မည်။ ခြေလှမ်းသည် ပို၍သွက်လာ၏။ လမ်းလျှောက်ပုံကတော့ ခင်စန်းနှင့် တော်တော်တူသည်။ ဟုတ်မှာပါပဲ။ ဆရာဦးသော်ကောင်းအိမ်ရှေ့သို့ ရောက်သောအခါ သူနှင့်ကျွန်တော် ဆယ်လှမ်းစာလောက်သာ ကွာတော့သည်။

mgyoe.com

m g y o e . c o m SAMPLE BOOK


အင်းလေး လွယ်အိတ်ခရမ်းရောင်ကလေး လွယ်ထားကြောင်း သိရသောအခါ သူ ဖြစ်မှန်း ပို၍ သေချာသွားလေသည်။

လေးငါးလှမ်းအကွာလောက်တွင် ကြောက်စိတ်ဝင်လာ၏။ သူ့ဘေးသို့ဝင်၍ ယှဉ်လျှောက်ရန် မရဲတော့ပြန်။ သတ္တိကို ခဲခဲယဉ်းယဉ်း မွေးယူလိုက်ပြီးနောက်–

"ဟော့… ဟော့"

သူ ဆတ်ခနဲ ဖြစ်သွား၏။ ဟော… သူ တုန်လှုပ်သွားပြီ ထင်တယ်၊ မဟုတ်ပါ၊ ဗြုန်းခနဲ ခေါ်လိုက်သောကြောင့် လန့်သွားခြင်းသာ ဖြစ်ပါသည်။ သူ လှည့်ပြီး ပြောသည်။

"ဘယ်သူများလဲလို့"

"အတန်း မရှိဘူးလား"

"ရှိတယ်၊ ရှစ်နာရီမှာ"

ဘာမျှ ထပ်မပြောဖြစ်ဘဲ လျှောက်နေကြပြန်သည်။ သူ့အမူအရာကို မသိမသာ အကဲခတ်ကြည့်သည်။ ဟိုတစ်နေ့ကလိုပဲ ဣန္ဒြေမပျက်သည့်မျက်နှာ။ ခုနေခါ သူကသာ ကျွန်တော့်ကို အကဲဖမ်းကြည့်လျှင် ကတုန်ကယင်ဖြစ်နေကြောင်း သူ တွေ့ရမည်။ 'သြော်… ငါ့ကို တုန်နေအောင် ချစ်ရှာပါလား' ဟု သူ နားလည်သင့်ပါသည်။ အင်းဝလမ်းကို ချိုးကွေ့လိုက်သောအချိန်ကျမှ စကားတစ်ခွန်းကို ပြောဖြစ်သည်။

"နှင်းတွေ သိပ်ကျတာပဲနော်"

"ဟုတ်တယ်၊ အပြင်မှာ ဒီလောက် မကျဘူး"

ဟု သူ ပြန်ပြောသည်။

"ဖယ်ရီ မစီးဘူးလား"

"အရင်ကတော့ စီးတယ်၊ ခု ပျက်နေလို့၊ နောက်လလောက်တော့ ပြန်ဆွဲမယ်လို့ ပြောတာပဲ"

တစ်နေ့ကလိုပင် အင်းလျားဆောင်ဘေးကလမ်းကို သူ ချိုးကွေ့ပေလိမ့်မည်။ သူနှင့်အတူတူ လိုက်သွားရမလား၊ အင်းဝလမ်းအတိုင်း တည့်တည့် ဆက်လျှောက်ရမလား စဉ်းစားရသည်။ ဟိုကိစ္စပြောဖို့ ကျန်နေသေးသောကြောင့် သူနှင့်တူတူ လျှောက်ခဲ့သည်။ အရဲကိုး၍ ပြောသည်။

"ဟိုတစ်နေ့က ကိစ္စအတွက် တို့ တောင်းပန်ပါတယ်"

mgyoe.com

"ကိစ္စ မရှိပါဘူး၊ နောက်ကိုသာ အဲဒီလို မလုပ်ရင် ပြီးတာပဲ"

ကျွန်တော်ပြောတာက တစ်မျိုး၊ သူပြောတာက တခြားဖြစ်နေသည်ဟု ထင်သည်။

"မဟုတ်ဘူးလေ၊ ဟိုတစ်နေ့က ခင်စန်းရဲ့ဘေးက ကပ်လိုက်လာမိတဲ့အတွက်"

"အခုရော ဘာထူးလဲ"

"အဲ..."

ကျွန်တော်သည် ဆက်ပဲလိုက်ရမလို၊ ရပ်နေခဲ့ရမလို၊ နောက်ကြောင်းပြန်လှည့်ရမလို ယောင်ချာချာ ဖြစ်သွား၏။ ဤပုံကို ကြည့်၍ သူ ရယ်ချင်သွားဟန်တူသည်။ ရယ်၏။ ကျွန်တော် ရှက်သွားသည်။ သူက သနားသွားပြန်သလား မသိ။

"တို့က အလကား နောက်တာပါ၊ သူငယ်ချင်းတစ်ယောက်လိုပဲ ရိုးရိုးစကားမျိုး ပြောမလို့ဆိုရင်တော့ ရပါတယ်"

"တို့ အခု တောင်းပန်မလို့ပါ"

"တို့ကလည်း ပြန်တောင်းပန်ပါတယ်"

"ဟင်... ဘာအတွက်လဲ၊ ဟို..."

ကျွန်တော်သည် သူ မတောင်းပန်ခင်ကပင် ခွင့်လွှတ်စကား ပြောမိမလို ဖြစ်သွားသည်။ စကားမဆက်မိအောင် အဆောတလျင် ထိန်းထားလိုက်ရ၏။ သူ ပြောသည်။

"သြော်... ဟိုတစ်နေ့က သူ လိုက်လာတုန်းက ဘာစကားမှ မပြောဘဲနေလိုက်လို့ သူ ကြောင်တောင်တောင် ဖြစ်သွားတယ် မဟုတ်လား"

"ကိစ္စ မရှိပါဘူး"

"တို့စိတ်ထဲကတောင် ထင်မိသေးတယ်၊ သူများ စိတ်ဆိုးသွားသလားလို့"

"ဟာ... ဘာဆိုးစရာရှိလဲ"

ဝမ်းသာသွားမိသည်။ သူ့အရိပ်အကဲကို ကြည့်သောအခါ ကန့်ကလျကလေး ပြောလိုက်ခြင်း မဟုတ်ကြောင်း တွေ့သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်စိတ်ခုသွားမည်ကို သူ စိုးရိမ်တတ်ကြောင်း သိရပြီ။ သူသည် ကျွန်တော့်အပေါ် သံယောဇဉ် ငြိတွယ်လေသလောဟု သံသယဖြစ်ဖွယ် ရှိသည်ဟု ကိုယ့်ကိုယ်

mgyoe.com

m gyoe.com SAMPLE BOOK

ကိုယ် အထင်ကြီးမိလေသည်။

'ခင်စန်းရယ်၊ နင့်ကို တို့ အသက်ထက် သုံးဆလောက်ပိုပြီး ချစ်ပါတယ်၊ တို့ချစ်တာရဲ့ သုံးပုံ တစ်ပုံလောက် ပြန်ချစ်ရင် ကျေနပ်ပါပြီ'

ဟု ညက စဉ်းစားထားသည့်အတိုင်း မပြောဖြစ်လိုက်ချေ။

❐

mgyoe.com

mgyoe.com SAMPLE BOOK

--၈--

စကား စကား ပြောဖန်များ စကားထဲက ဇာတိပြသတဲ့။ ကျွန်တော်လည်း သူနှင့် စကားပြောရင်းကပင် သူ၏ဇာတိသည် သုံးခွမြို့ဖြစ်ကြောင်း သိလိုက်ရလေသည်။ ဟင်... ဘာဆိုင်လို့လဲ၊ မဟုတ်သေးပါဘူး။

ကျွန်တော် ပြောလိုသည်မှာ သူနှင့် စကားတွေ ပြောကြည့်ရာမှ သူ ကျွန်တော့်အပေါ် ထားရှိသောသဘောထားကို တစ်စ တစ်စ သိလာခဲ့ရခြင်းဖြစ်ပါသည်။ သူက ‘နောက်တစ်ခါ ဒီလိုလုပ်ရင်တော့ စိတ်ဆိုးမလားမသိဘူး’ ဟု ပြောခဲ့သည်။ ထို့ကြောင့် သူ့ကို နောက်တစ်ခါ စာမပေးတော့ပါ။ စကားဖြင့်ပဲ ပြောပါသည်။ နေ့တိုင်းသွား၊ တွေ့တိုင်း အတင်းလိုက်၊ ဟိုအကြောင်းတွေကိုချည်း တွင်တွင်ပြောသောနည်းကို ကျွန်တော် မသုံးပါ။ ဤသို့ ပြုလိုက်ခြင်းသည် ခင်စန်းကဲ့သို့ မိန်းကလေးမျိုးအတွက် အနှောင့်အယှက် ပေးရာကျသည်။ ကျွန်တော့်ကို ‘ချဉ်’သွားလိမ့်မည်ဟု ထင်သည်။ ထို့ကြောင့် သူ့ဆီကို သုံးရက်တစ်ကြိမ်လောက်သာ သွားသည်။ အချို့နေ့များတွင် နှုတ်ဆက်ရုံလောက်သာ နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ အချို့နေ့များတွင် ခဏတစ်ဖြုတ် စကားပြောဖြစ်သည်။ တစ်ခါတလေကျမှ သူနှင့်တူတူ လိုက်ပြန်ရင်း သူငယ်ချင်းတွေ အကြောင်း၊ ဟိုအကြောင်း၊ ဒီအကြောင်း အာလာပသလ္လာပ ပြောသည်။ စကားကြုံသလိုလုပ်၍ ‘ဟိုကိစ္စ’ ကို တစ်ခွန်းတလေ

mgyoe.com

mgyoe.com SAMPLE BOOK

ပြောဖြစ်သည်။ တွေ့ဖန်များတော့မှ တဖြည်းဖြည်းချင်း ပို၍ ပြောကြည့်ရလေသည်။ ဤသို့ ပြောရင်းကပင် လွှတ်ခနဲ ထွက်လာသော သူ့စကားတစ်ခွန်းတစ်စကို အဓိပ္ပာယ်ကောက်ယူရ၏။ ယခုအခါတွင် သူသည် ကျွန်တော်၏စကားများကို အရေးတယူ လက်ခံဆွေးနွေးသော အဆင့်သို့ ရောက်နေပြီဟု မှတ်ထားကြပါရန်။

“ဟို့အကြောင်းကို စုစုတို့ သိလားဟင်”

“သိတော့ မသိဘူး၊ ဒါပေမဲ့ ဟိုတစ်နေ့က သူနဲ့ တို့နဲ့ တာမွေမှာ ကားရပ်စောင့်နေတာ စုစု တွေ့သွားတယ်၊ တို့ကိုတောင် မေးသေးတယ်၊ တို့က ကားမှတ်တိုင်မှာ ဆုံလို့ ကားစောင့်ရင်း စကားပြောနေတာပါလို့ ပြောလိုက်တယ်”

ကြည့်၊ ကျွန်တော်က သူ့ကို စာပေးထားကြောင်း၊ သူ့အချစ်ကို မျှော်လင့်နေသူဖြစ်ကြောင်း သူများတွေသိမှာကို သူ စိုးရိမ်သည်။ စုစုကို လိမ်ပြောခဲ့သည်။ ဒါ ထူးခြားမှုတစ်ခု။

“အဲဒါ စုစုက ပြောတယ်၊ တကယ်လို့များတဲ့၊ နင့်ကို လူလတ်က စကားစလာရင် လက်မခံနဲ့တဲ့”

“ဟင်… ဘာဖြစ်လို့တဲ့လဲ”

“သူ့ပုံကြည့်ရတာ ရှုပ်မယ် ထင်လို့တဲ့”

“ဟာ… ဘယ်ကလာ ရှုပ်ရမှာလဲ၊ သူတို့နဲ့ မတည့်လို့ သက်သက် သိက္ခာချတာ ဖြစ်မှာပါ”

“မသိဘူးလေ၊ ဟုတ်ချင် ဟုတ်နေမှာပေါ့၊ ဘယ်ယုံရပါ့မလဲ”

မိန်းကလေးများက စိတ်ချရပါ့မလား၊ ယုံရမှာလားရှင် စသည်ဖြင့် ပြောလာလျှင် အခြေအနေကောင်းသည်ဟု ဆိုနိုင်ကြောင်း သမ္ဘာရင့်နေသူတို့က ပြောလေ့ ရှိသည်။

“တို့ ခင်စန်းကို တစ်ခု မေးချင်တယ်”

သူက ‘မေးလေ’ ဆိုသော သဘောမျိုး ခေါင်းဆောင်ပြသည်။

“ခင်စန်းမှာ ရည်မှန်းထားတဲ့လူ ရှိနေလို့လား”

ခေါင်းခါပြသည်။

“အိမ်က သဘောတူထားတဲ့လူ ရှိနေလို့လား ဟင်”

“မရှိပါဘူး”